မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၆] ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) } သောကြာနေ့ [အတွဲ ၇၇

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်း ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် စာပေနှင့်

အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ **မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |

( ၄ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

အကောက်ခွန်ဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ၅ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

( ၃ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သစ်တောဦးစီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | စားသုံးသူရေးရာဦးစီးဌာန | |
| | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | |
| ( န ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | အဆင့်မြင့်ပညာဦးစီးဌာန | |
| | ပညာရေးဝန်ကြီးဌာန | |
| ( ပ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | |
| | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | |
| ( ဖ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | ဆေးသုတေသနဦးစီးဌာန | |
| | ကျန်းမာရေးဝန်ကြီးဌာန | |
| ( ဗ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | တိုင်းရင်းဆေးပညာဦးစီးဌာန | |
| | ကျန်းမာရေးဝန်ကြီးဌာန | |
| (ဘ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | |
| | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | |
| ( မ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | |
| | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | |
| (ယ) | ဦးသန်းမောင် | အဖွဲ့ဝင် |
| | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ပညာရှင် | |
| ( ရ ) | ဦးမျိုးအေး | အဖွဲ့ဝင် |
| | စက်မှုဒီဇိုင်းမူပိုင်ခွင့်ပညာရှင် | |

(လ) ဒေါ်ဆွေဇင်ထိုက် အဖွဲ့ဝင်
စာပေနှင့် အနုပညာမူပိုင်ခွင့်ပညာရှင်

( ဝ ) ဒေါက်တာ ဇော်မင်းအောင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး (အငြိမ်းစား)
ပညာရေးဝန်ကြီးဌာန
တီထွင်မှုမူပိုင်ခွင့်ပညာရှင်

(သ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဟ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

( ဠ ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(အ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မူပိုင်ခွင့်ဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### အမိန့်ထုတ်ပြန်နိုင်ခွင့်အပ်နှင်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ရွှေဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက် နေ့စဉ်ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်

အညီ သတ်မှတ်ထုတ်ပြန်ရန် **ခါတ်သတ္တု (ရွှေ) ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဌ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) အထွေထွေမန်နေဂျာ တွဲဖက်အတွင်းရေးမှူး (၁)
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ဒုတိယအထွေထွေမန်နေဂျာ တွဲဖက်အတွင်းရေးမှူး (၂)
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အတွင်း ရွှေဈေးနှုန်းတည်ငြိမ်မှုကန်စေရေးအတွက် ၁၉၆၇ ခုနှစ်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ထုတ်ဝေသည့် တွက်ချက်မှုအမျိုးမျိုးနှင့် စံနှုန်းများ၌ပါရှိသော ဓာတ်သတ္တု

(ရွှေ) အတွက် အသုံးပြုသည့် မြန်မာ့အလေးချိန်၊ နေ့စဉ်ကမ္ဘာ့ရွှေဈေးနှုန်း၊ အိမ်နီးချင်းနိုင်ငံများ၏ ရွှေဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြည်တွင်းရွှေဈေးကွက်အခြေအနေတို့ကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းဖြင့် စိစစ်တွက်ချက်ထားသော မြန်မာနိုင်ငံအတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးကို ကော်မတီဝင် အနည်းဆုံး လေးပုံသုံးပုံတက်ရောက်၍ နေ့စဉ် Online Virtual Meeting ပြုလုပ်ပြီး အတည်ပြု သတ်မှတ်ထုတ်ပြန်ခြင်း၊

(ခ) ရွှေလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသော ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးနှုန်း သတ်မှတ်ရေးလုပ်ငန်း အဖွဲ့မှ နေ့စဉ်တင်ပြလာသည့် ရွှေဈေးနှုန်းကို ထည့်သွင်းစိစစ်ဆောင်ရွက်ခြင်း၊

(ဂ) အပိုဒ်ခွဲ (က) အရ နေ့စဉ်တွက်ချက်ထုတ်ပြန်သည့် ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးအား အများပြည်သူသိရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့ရွှေဈေးနှုန်း ထူးခြားသိသာစွာပြောင်းလဲမှုများဖြစ်ပေါ်လာပါက ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးကို အပိုဒ်ခွဲ (က) ပါအတိုင်း အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းသတ်မှတ်ထုတ်ပြန်ခြင်း၊

(င) လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊

(စ) နိုင်ငံတော်အတွင်း ရွှေဈေးကွက် မတည်မငြိမ်ဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင်မှုများကို ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးနှုန်း သတ်မှတ်ထုတ်ပြန်၍ ကာကွယ်တားဆီးခြင်းနှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) လိုအပ်ပါက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းနှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအပါအဝင် သက်ဆိုင်ရာအသင်း အဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ ရယူဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၅၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ သာယာဝတီခရိုင်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယဦးစီးမှူး ဒေါ်ဖြိုးစန္ဒာသိမ့် (တ/၃၇၃၈) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဋ္ဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၆၅/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်သီရိပြည့်စုံ (တ/၃၆၄၅) အား စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး တာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဋ္ဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆၆/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးသက်ပိုင်ဖေယျာ (တ/၃၃၀၁) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဋ္ဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**အဆိုပြုချက်စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၉ အရ ရင်းနှီးမြှုပ်နှံမှုလျှောက်ထားလွှာများအား

လေ့လာသုံးသပ်ရာတွင် ကော်မရှင်အား ကူညီရန်နှင့် အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရန်အတွက် အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒေါ်အေးစန္ဒာလွင် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒေါ်အိအိခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဦးတက်ထွန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဦးအောင်ခိုင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဒေါ်မြင့်မြင့်ကြည်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စ) ဦးကျော်ကျော်ညွှန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဆ) ဦးစိုးနိုင် အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

အလုပ်သမားဝန်ကြီးဌာန

(ဇ) ဒေါ်အေးအေးမော် အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဒေါ်မိုးသီတာ အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ အဆိုပြုချက်စိစစ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၆၄ နှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံလိုသူသည် နိုင်ငံတော်၏ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ခွင့်ပြုမိန့်လိုအပ်သည့်လုပ်ငန်း ဟုတ် မဟုတ် စိစစ်ခြင်း၊

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်နာမှု ရှိ မရှိ စိစစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များအား ထိရောက်သော နည်းပညာနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ တို့ဖြင့် ကျင့်သုံးဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊

( င ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

( စ ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ထုတ်ပြန်ထားသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု မူဝါဒရည်မှန်းချက်များအပေါ် အကျိုးသက်ရောက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် အဆိုပါမူဝါဒများနှင့် လိုက်လျောညီထွေ ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) လုပ်ငန်းသဘာဝအပေါ်မူတည်၍ လျှပ်စစ်ပိုင်းဆိုင်ရာ သုံးစွဲမည့်ပမာဏ ကိုက်ညီမှု ရှိ မရှိနှင့် အဆိုပြုလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေများအား စိစစ်ခြင်း၊

(ဈ) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်း၊ စက်အရန်ပစ္စည်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား စိစစ်ခြင်း၊

(ည) အဆိုပြုချက်တွင် လက်ခနှုန်းထားများ၊ လစာနှုန်းထားများ ဆီလျော်မှု ရှိ မရှိ စိစစ်ခြင်း၊

( ဋ ) အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းများအား စိစစ်ခြင်း၊

( ဌ ) အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များအား စိစစ်ခြင်း။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၅**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| Myint Moh Trading Co., Ltd | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ |
| (၎င်းကုမ္ပဏီ၏ကိုယ်စား၊ | | ရန်ကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ဒါရိုက်တာ ဦးမျိုးမင်းထွန်း) | | |
| (၈/ရနခ(နိုင်)၀၉၇၃၂၈) | | |
| အမှတ်(၃၅၀)၊ အလောင်းဘုရားလမ်းနှင့် | | |
| တာပင်ရွှေထီးလမ်းထောင့်၊ (၁)ရပ်ကွက်၊ | | |
| မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | | |

| | | |
|---|---|---|
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးအောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်။ |

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ကပေးပို့သည့် သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမပေါ်ရှိ Yangon Petrol စက်သုံးဆီအရောင်းဆိုင်အနီး ရပ်တန့်ထားသည့် ကုန်တင်ယာဉ်အမှတ် 3B/9245 ကို အင်းစိန်ခရိုင်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ၇-၄-၂၀၂၃ ရက်နေ့ညတွင်ရှာဖွေစစ်ဆေးခဲ့ရာ ပေ ၂၀ ကုန်သေတ္တာအမှတ် MRKU 9358935 ကို တင်ဆောင်ထားကြောင်း တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသဖြင့် မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂသိုလှောင်ရုံဝင်း၊ ကုန်သွယ်ရေးဂိုဒေါင်တွင်ယာယီထိန်းသိမ်းထားရှိခဲ့သည်။ ယင်းကုန်သေတ္တာကို ၁၉-၄-၂၀၂၃ ရက်နေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Prepainted Galvanized Iron Sheet in Coil (7 rolls)၊ C/O China၊ အလေးချိန် ၂၆,၆၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁,၈၉၅,၀၀၀ ကို တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၃၆) အရ ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့သည့်အပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသည့်အမှု ဖြစ်သည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကိုကြားနာခဲ့ပြီး လျှောက်ထားခံရသူကချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါလေ့လာခဲ့ရာ အခင်းဖြစ်ပစ္စည်းများသည် လျှောက်ထားသူ Myint Moh Trading Co., Ltd က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသောကုန်ပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်စာချုပ်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ သင်္ဘောတင်အထောက်အထား၊ ငွေပေးချေမှုအထောက်အထား၊ ကုန်ပစ္စည်းရောက်ရှိမှုအထောက်အထားစသည့် ကုန်တင်ပို့သူနှင့်ကုန်တင်သွင်းသူတို့အကြား ဆောင်ရွက်ရန်လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကိုသာတင်ပြနိုင်ကြောင်းတွေ့ရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကုန်စည်များတင်သွင်း/ တင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီး လိုင်စင်ရရှိမှသာ တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူကသက်ဆိုင်ရာဌာနများသို့တင်ပြခဲ့သည့်စာရွက်စာတမ်းများအရ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လိုအပ်သောကုန်ပစ္စည်းများဖြစ်သည်ကို လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိထားကြောင်း အငြင်းပွားဖွယ်မရှိပေါ်ပေါက်သည်။

သို့ရာတွင် လျှောက်ထားသူတင်ပြသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရရှိမီကြိုတင်၍တင်သွင်းလာကြောင်း၊ ကုမ္ပဏီအနေဖြင့်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် တရားဝင်တင်သွင်းလာသည်ဟုဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဖြေကြားချက်များအရ လျှောက်ထားသူအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ စာရင်းတင်သွင်းထားမှုမရှိကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သွင်းကုန်လိုင်စင်ရရှိခြင်းမရှိဘဲ ဆိပ်ကမ်းမှထုတ်ယူရရှိရေး Ocean Sky Blue Customs Clearance Agency သို့ အပ်နှံခဲ့ကြောင်း၊ အသံဖိုင်မှတ်တမ်းများအရ Ocean Sky Blue Customs Clearance Agency မှတစ်ဆင့်စေခိုင်းသူက စာရွက်စာတမ်း၊ အထောက်အထားများ အတုပြုလုပ်ပြီး အခင်းဖြစ်ပစ္စည်းများဆိပ်ကမ်းမှထုတ်ယူနေသည်ကို လျှောက်ထားသူ၏ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) ဖြင့် လွှဲအပ်ခြင်းခံထားရသူများက သိရှိကြောင်းပေါ်ပေါက်သည်ကိုတွေ့ရသည်။

သို့ဖြစ်၍ တရားဝင်သွင်းကုန်လိုင်စင်မရှိဘဲတင်သွင်းလာသောကုန်ပစ္စည်းများကို အကောက်ခွန်ရုံး၏ ခွင့်ပြုချက်မရမီ လိမ်လည်လှည့်ဖြား၍ ရွှေ့ပြောင်းထုတ်ယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ၈၆ တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ပြီး အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၁-ရက (တရက) /၂၀၂၃(၈) ဖြင့် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဒေါ်ယုကြည်ညွန့် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၆**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Myint Moh Trading Co., Ltd | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ |
| (၎င်းကုမ္ပဏီ၏ကိုယ်စား၊ | | ရန်ကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ဒါရိုက်တာ ဦးမျိုးမင်းထွန်း) | | |
| (၈/ရနခ(နိုင်)၀၉၇၃၂၈) | | |
| အမှတ်(၃၅၀)၊ အလောင်းဘုရားလမ်းနှင့် | | |
| တပင်ရွှေထီးလမ်းထောင့်၊ (၁)ရပ်ကွက်၊ | | |
| မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | | |

| | | |
|---|---|---|
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးအောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်။ |

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ကပေးပို့သည့် သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမပေါ်ရှိ Yangon Petrol စက်သုံးဆီအရောင်းဆိုင်အနီး ရပ်တန့်ထားသည့် ကုန်တင်ယာဉ်အမှတ် 5B/1904 ကို အင်းစိန်ခရိုင်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ၇-၄-၂၀၂၃ ရက်နေ့ညတွင်ရှာဖွေစစ်ဆေးခဲ့ရာ ပေ ၂၀ ကုန်သေတ္တာအမှတ် MSKU 5773462 ကို တင်ဆောင်ထားကြောင်း တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသဖြင့် မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂသိုလှောင်ရုံဝင်း၊ ကုန်သွယ်ရေးဂိုဒေါင်တွင်ယာယီထိန်းသိမ်းထားရှိခဲ့သည်။ ယင်းကုန်သေတ္တာကို ၁၉-၄-၂၀၂၃ ရက်နေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Prepainted Galvanized Iron Sheet in Coil (7 rolls)၊ C/O China၊ အလေးချိန် ၂၆,၆၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁,၈၉၅,၀၀၀ ကို တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၃၆) အရ ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့သည့်အပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသည့်အမှု ဖြစ်သည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကိုကြားနာခဲ့ပြီး လျှောက်ထားခံရသူကချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါလေ့လာခဲ့ရာ အခင်းဖြစ်ပစ္စည်းများသည် လျှောက်ထားသူ Myint Moh Trading Co., Ltd က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသောကုန်ပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်စာချုပ်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ သင်္ဘောတင်အထောက်အထား၊ ငွေပေးချေမှုအထောက်အထား၊ ကုန်ပစ္စည်းရောက်ရှိမှုအထောက်အထားစသည့် ကုန်တင်ပို့သူနှင့်ကုန်တင်သွင်းသူတို့အကြား ဆောင်ရွက်ရန်လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကိုသာတင်ပြနိုင်ကြောင်းတွေ့ရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကုန်စည်များတင်သွင်း/ တင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီး လိုင်စင်ရရှိမှသာ တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူကသက်ဆိုင်ရာဌာနများသို့တင်ပြခဲ့သည့်စာရွက်စာတမ်းများအရ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လိုအပ်သောကုန်ပစ္စည်းများဖြစ်သည်ကို လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိထားကြောင်း အငြင်းပွားဖွယ်မရှိပေါ်ပေါက်သည်။

သို့ရာတွင် လျှောက်ထားသူတင်ပြသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရရှိမီကြိုတင်၍တင်သွင်းလာကြောင်း၊ ကုမ္ပဏီအနေဖြင့်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် တရားဝင်တင်သွင်းလာသည်ဟုဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဖြေကြားချက်များအရ လျှောက်ထားသူအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ စာရင်းတင်သွင်းထားမှုမရှိကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သွင်းကုန်လိုင်စင်ရရှိခြင်းမရှိဘဲ ဆိပ်ကမ်းမှထုတ်ယူရရှိရေး Ocean Sky Blue Customs Clearance Agency သို့ အပ်နှံခဲ့ကြောင်း၊ အသံဖိုင်မှတ်တမ်းများအရ Ocean Sky Blue Customs Clearance Agency မှတစ်ဆင့်စေခိုင်းသူက စာရွက်စာတမ်း၊ အထောက်အထားများ အတုပြုလုပ်ပြီး အခင်းဖြစ်ပစ္စည်းများဆိပ်ကမ်းမှထုတ်ယူနေသည်ကို လျှောက်ထားသူ၏ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) ဖြင့် လွှဲအပ်ခြင်းခံထားရသူများက သိရှိကြောင်းပေါ်ပေါက်သည်ကိုတွေ့ရသည်။

သို့ဖြစ်၍ တရားဝင်သွင်းကုန်လိုင်စင်မရှိဘဲတင်သွင်းလာသောကုန်ပစ္စည်းများကို အကောက်ခွန်ရုံး၏ခွင့်ပြုချက်မရမီ လိမ်လည်လှည့်ဖြား၍ ရွှေ့ပြောင်းထုတ်ယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ၈၆ တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်းသုံးသပ်ပြီး အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

## အမိန့်

ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၁-ရက (တရက) /၂၀၂၃(၉) ဖြင့် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဒေါ်ချကြည်ညွန့် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၇**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Myint Moh Trading Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား၊ ဒါရိုက်တာ ဦးမျိုးမင်းထွန်း) (၈/ရနခ(နိုင်)၀၉၇၃၂၈) အမှတ်(၃၅၀)၊ အလောင်းဘုရားလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ ရန်ကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

| | | |
|---|---|---|
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးအောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်။ |

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ကပေးပို့သည့် သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမပေါ်ရှိ Yangon Petrol စက်သုံးဆီအရောင်းဆိုင်အနီး ရပ်တန့်ထားသည့် ကုန်တင်ယာဉ်အမှတ် 7J/2785 ကို အင်းစိန်ခရိုင်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ၇-၄-၂၀၂၃ ရက်နေ့ညတွင်ရှာဖွေစစ်ဆေးခဲ့ရာ ပေ ၂၀ ကုန်သေတ္တာအမှတ် PONU 0591090 ကို တင်ဆောင်ထားကြောင်း တွေ့ရှိပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသဖြင့် မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂသိလောင်ရုံဝင်း၊ ကုန်သွယ်ရေးဂိုဒေါင်တွင်ယာယီထိန်းသိမ်းထားရှိခဲ့သည်။ ယင်းကုန်သေတ္တာကို ၁၉-၄-၂၀၂၃ ရက်နေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Prepainted Galvanized Iron Sheet in Coil (7 rolls)၊ C/O China၊ အလေးချိန် ၂၆,၆၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁,၈၉၅,၀၀၀ ကို တွေ့ရှိပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၃၉) အရ ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့သည့်အပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသည့်အမှု ဖြစ်သည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကိုကြားနာခဲ့ပြီး လျှောက်ထားခံရသူကချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါလေ့လာခဲ့ရာ အခင်းဖြစ်ပစ္စည်းများသည် လျှောက်ထားသူ Myint Moh Trading Co., Ltd က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသောကုန်ပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်စာချုပ်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ သင်္ဘောတင်အထောက်အထား၊ ငွေပေးချေမှုအထောက်အထား၊ ကုန်ပစ္စည်းရောက်ရှိမှုအထောက်အထားစသည့် ကုန်တင်ပို့သူနှင့်ကုန်တင်သွင်းသူတို့အကြား ဆောင်ရွက်ရန်လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကိုသာတင်ပြနိုင်ကြောင်းတွေ့ရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကုန်စည်များတင်သွင်း/ တင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီး လိုင်စင်ရရှိမှသာ တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူကသက်ဆိုင်ရာဌာနများသို့တင်ပြခဲ့သည့်စာရွက်စာတမ်းများအရ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လိုအပ်သောကုန်ပစ္စည်းများဖြစ်သည်ကို လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိထားကြောင်း အငြင်းပွားဖွယ်မရှိပေါ်ပေါက်သည်။

သို့ရာတွင် လျှောက်ထားသူတင်ပြသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရရှိမီကြိုတင်၍တင်သွင်းလာကြောင်း၊ ကုမ္ပဏီအနေဖြင့်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် တရားဝင်တင်သွင်းလာသည်ဟုဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဖြေကြားချက်များအရ လျှောက်ထားသူအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ စာရင်းတင်သွင်းထားမှုမရှိကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သွင်းကုန်လိုင်စင်ရရှိခြင်းမရှိဘဲ ဆိပ်ကမ်းမှထုတ်ယူရရှိရေး Ocean Sky Blue Customs Clearance Agency သို့ အပ်နှံခဲ့ကြောင်း၊ အသံဖိုင်မှတ်တမ်းများအရ Ocean Sky Blue Customs Clearance Agency မှတစ်ဆင့်စေခိုင်းသူက စာရွက်စာတမ်း၊ အထောက်အထားများ အတုပြုလုပ်ပြီး အခင်းဖြစ်ပစ္စည်းများဆိပ်ကမ်းမှထုတ်ယူနေသည်ကို လျှောက်ထားသူ၏ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) ဖြင့် လွှဲအပ်ခြင်းခံထားရသူများက သိရှိကြောင်းပေါ်ပေါက်သည်ကိုတွေ့ရသည်။

သို့ဖြစ်၍ တရားဝင်သွင်းကုန်လိုင်စင်မရှိဘဲတင်သွင်းလာသောကုန်ပစ္စည်းများကို အကောက်ခွန်ရုံး၏ခွင့်ပြုချက်မရမီ လိမ်လည်လှည့်ဖြား၍ ရွှေ့ပြောင်းထုတ်ယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ၈၆ တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ပြီး အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၁-ရက (တရက) /၂၀၂၃(၉) ဖြင့် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဇေယျကြည်ညွန့် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၈**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Myint Moh Trading Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား၊ ဒါရိုက်တာ ဦးမျိုးမင်းထွန်း) (၈/ရနခ(နိုင်)၀၉၇၃၂၈) အမှတ်(၃၅၀)၊ အလောင်းဘုရားလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ ရန်ကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးအောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်။ |

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ကပေးပို့သည့် သတင်းအရ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမပေါ်ရှိ Yangon Petrol စက်သုံးဆီအရောင်းဆိုင်အနီး ရပ်တန့်ထားသည့် ကုန်တင်ယာဉ်အမှတ် 9K/9481 ကို အင်းစိန်ခရိုင်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ၇-၄-၂၀၂၃ ရက်နေ့ညတွင်ရှာဖွေစစ်ဆေးခဲ့ရာ ပေ ၂၀ ကုန်သေတ္တာအမှတ် TCKU 1492605 ကို တင်ဆောင်ထားကြောင်း တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသဖြင့် မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂသိုလှောင်ရုံဝင်း၊ ကုန်သွယ်ရေးဂိုဒေါင်တွင်ယာယီထိန်းသိမ်းထားရှိခဲ့သည်။ ယင်းကုန်သေတ္တာကို ၁၉-၄-၂၀၂၃ ရက်နေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Prepainted Galvanized Iron Sheet in Coil (7 rolls)၊ C/O China၊ အလေးချိန် ၂၆,၆၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁,၈၉၅,၀၀၀ ကို တွေ့ရပြီး တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၃၆) အရ ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့သည့်အပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသည့်အမှု ဖြစ်သည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကိုကြားနာခဲ့ပြီး လျှောက်ထားခံရသူကချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါလေ့လာခဲ့ရာ အခင်းဖြစ်ပစ္စည်းများသည် လျှောက်ထားသူ Myint Moh Trading Co., Ltd က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသောကုန်ပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်စာချုပ်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ သင်္ဘောတင်အထောက်အထား၊ ငွေပေးချေမှုအထောက်အထား၊ ကုန်ပစ္စည်းရောက်ရှိမှုအထောက်အထားစသည့် ကုန်တင်ပို့သူနှင့်ကုန်တင်သွင်းသူတို့အကြား ဆောင်ရွက်ရန်လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကိုသာတင်ပြနိုင်ကြောင်းတွေ့ရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကုန်စည်များတင်သွင်း/ တင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီး လိုင်စင်ရရှိမှသာ တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူကသက်ဆိုင်ရာဌာနများသို့တင်ပြခဲ့သည့်စာရွက်စာတမ်းများအရ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လိုအပ်သောကုန်ပစ္စည်းများဖြစ်သည်ကို လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိထားကြောင်း အငြင်းပွားဖွယ်မရှိပေါ်ပေါက်သည်။

သို့ရာတွင် လျှောက်ထားသူတင်ပြသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရရှိမီကြိုတင်၍တင်သွင်းလာကြောင်း၊ ကုမ္ပဏီအနေဖြင့်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် တရားဝင်တင်သွင်းလာသည်ဟုဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဖြေကြားချက်များအရ လျှောက်ထားသူအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ စာရင်းတင်သွင်းထားမှုမရှိကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သွင်းကုန်လိုင်စင်ရရှိခြင်းမရှိဘဲ ဆိပ်ကမ်းမှထုတ်ယူရရှိရေး Ocean Sky Blue Customs Clearance Agency သို့ အပ်နှံခဲ့ကြောင်း၊ အသံဖိုင်မှတ်တမ်းများအရ Ocean Sky Blue Customs Clearance Agency မှတစ်ဆင့်စေခိုင်းသူက စာရွက်စာတမ်း၊ အထောက်အထားများ အတုပြုလုပ်ပြီး အခင်းဖြစ်ပစ္စည်းများဆိပ်ကမ်းမှထုတ်ယူနေသည်ကို လျှောက်ထားသူ၏ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) ဖြင့် လွှဲအပ်ခြင်းခံထားရသူများက သိရှိကြောင်းပေါ်ပေါက်သည်ကိုတွေ့ရသည်။

သို့ဖြစ်၍ တရားဝင်သွင်းကုန်လိုင်စင်မရှိဘဲတင်သွင်းလာသောကုန်ပစ္စည်းများကို အကောက်ခွန်ရုံး၏ခွင့်ပြုချက်မရမီ လိမ်လည်လှည့်ဖြား၍ ရွှေ့ပြောင်းထုတ်ယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ၈၆ တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ပြီး အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၁-ရက (တရက)/ ၂၀၂၃ (၁၁) ဖြင့် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဒေါ်ယျကြည်ညွန့် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၉**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Myint Moh Trading Co., Ltd<br>(ငင်းကုမ္ပဏီ၏ကိုယ်စား၊<br>ဒါရိုက်တာ ဦးမျိုးမင်းထွန်း)<br>(၈/ရနခ(နိုင်)၁၉၇၃၂၈)<br>အမှတ်(၃၅၀)၊ အလောင်းဘုရားလမ်းနှင့်<br>တပင်ရွှေထီးလမ်းထောင့်၊ (၁)ရပ်ကွက်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေး<br>ဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန။ |
| လျှောက်ထားသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးအောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |

**စီရင်ချက်**

အမှုမှာ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Myint Moh Trading Co., Ltd က တင်သွင်းခဲ့သည့် ပေ ၂၀ ကုန်သေတ္တာနံပါတ် MRKU7302773, TCKU1144467, MSKU7873645, SUDU1938594, MSKU5685145, MRKU9635496 ကုန်သေတ္တာ (၆) လုံး တို့ကို ထုတ်ယူခဲ့ရာတွင် တင်သွင်းလာသည့်ကုန်ပစ္စည်းနှင့် သက်ဆိုင်မှုမရှိသော သွင်းကုန်ကြေညာလွှာ ID No.100239340830 (5-4-2023) ဖြင့် လိမ်လည်တင်ပြခဲ့ပြီး Delivery List for Unit Load (DL) ပေါ်တွင် ဆိပ်ကမ်းတံဆိပ်တုံးအတုအသုံးပြုလိမ်လည်ထုတ်ယူမှုဖြစ်ပွားခဲ့ကြောင်း MIP လက်ထောက်အထွေထွေမန်နေဂျာ ဦးဇေယျာရှင်းက ၇-၄-၂၀၂၃ ရက်နေ့ ၁၈:၃၀ အချိန်ခန့်တွင် MIP ရှိ အကောက်ခွန်ဦးစီးဌာနထံသို့ ဆက်သွယ်သတင်းပေးပို့လာသဖြင့် ဆိပ်ကမ်းတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အဖွဲ့က ၈-၄-၂၀၂၃ ရက်နေ့တွင် လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ကမ်းနားလမ်းစည်ပင်ဝင်းတွင် ကုန်သေတ္တာ (၁) လုံး၊ MIP တွင် ထုတ်ယူရန်စောင့်ဆိုင်းနေသည့် ကုန်သေတ္တာ (၅) လုံး စုစုပေါင်း ကုန်သေတ္တာ (၆) လုံးတွင် ထည့်သွင်းလာသော တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Prepainted Galvanized Iron Sheet in Coil၊ C/O China၊ အလေးချိန် ၁၆၅၀၈၅ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၂၅,၃၄၁,၀၂၅ (ကျပ် နှစ်ထောင့်နှစ်ရာငါးဆယ့် သုံးသိန်း လေးသောင်း တစ်ထောင် နှစ်ဆယ့်ငါး) ခန့် အား လိမ်လည်ထုတ်ယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များအား

ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇(၃၆) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသည့်အမှု ဖြစ်သည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာခဲ့ပြီး လျှောက်ထားခံရသူက ချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါ လေ့လာခဲ့ရာ အခင်းဖြစ်ပစ္စည်းများသည် လျှောက်ထားသူ Myint Moh Trading Co., Ltd က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့တင်သွင်းလာသော ကုန်ပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်စာချုပ်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ သင်္ဘောတင်အထောက်အထား၊ ငွေပေးချေမှုအထောက်အထား၊ ကုန်ပစ္စည်းရောက်ရှိမှုအထောက်အထားစသည့် ကုန်တင်ပို့သူနှင့် ကုန်တင်သွင်းသူတို့အကြား ဆောင်ရွက်ရန်လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကိုသာတင်ပြနိုင်ကြောင်း တွေ့ရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကုန်စည်များ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီး လိုင်စင်ရရှိမှသာ တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူကသက်ဆိုင်ရာဌာနများသို့တင်ပြခဲ့သည့်စာရွက်စာတမ်းများအရ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လိုအပ်သောကုန်ပစ္စည်းများဖြစ်သည်ကို လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိထားကြောင်း အငြင်းပွားဖွယ်မရှိပေါ်ပေါက်သည်။

သို့ရာတွင်လျှောက်ထားသူတင်ပြသည့်အထောက်အထားများအရအခင်းဖြစ်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရရှိမီကြိုတင်၍တင်သွင်းလာကြောင်း၊ ကုမ္ပဏီအနေဖြင့်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများအတွက်သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် တရားဝင်တင်သွင်းလာသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ပြင် လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဖြေကြားချက်များအရ လျှောက်ထားသူအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ စာရင်းတင်သွင်းထားမှုမရှိကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သွင်းကုန်လိုင်စင်ရရှိခြင်းမရှိဘဲ ဆိပ်ကမ်းမှထုတ်ယူရရှိရေး Ocean Sky Blue Customs Clearance Agency သို့အပ်နှံခဲ့ကြောင်း၊ အသံဖိုင်မှတ်တမ်းများအရ Ocean Sky Blue Customs Clearance Agency မှတစ်ဆင့် စေခိုင်းသူက စာရွက်စာတမ်း၊ အထောက်အထားများအတုပြုလုပ်ပြီး အခင်းဖြစ်ပစ္စည်းများ ဆိပ်ကမ်းမှထုတ်ယူနေသည်ကို လျှောက်ထားသူ၏အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) ဖြင့် လွှဲအပ်ခြင်းခံထားရသူများက သိရှိကြောင်းပေါ်ပေါက်သည်ကိုတွေ့ရသည်။

သို့ဖြစ်၍ တရားဝင်သွင်းကုန်လိုင်စင်မရှိဘဲ တင်သွင်းလာသောကုန်ပစ္စည်းများကို အကောက်ခွန်ရုံး၏ခွင့်ပြုချက်မရမီ လိမ်လည်လှည့်ဖြား၍ ရွှေ့ပြောင်းထုတ်ယူရန်ကြိုးစည်အားထုတ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ၈၆ တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်းသုံးသပ်ပြီး အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁-ရာ / ကသတ (MIP) / ၂၀၂၃(၅၃) ဖြင့် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဒေါ်ယျကြည်ညွန့် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၂၀**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
| --- | --- | --- |
| Golden Apple Auto Parts Co.,Ltd<br>အမှတ်(၂၀၁)၊ အခန်း (c-4)၊ ဗညားဒလလမ်း၊<br>မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>(၎င်း၏ ကိုယ်စားလှယ်- ဒေါ်ဇင်မိမိ<br>ကုမ္ပဏီ၏ လိပ်စာအတိုင်းဖြစ်ပါသည်။) | နှင့် | အကောက်ခွန်ဦးစီးဌာန၊<br>အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဦးစီးအရာရှိ)၊<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |

**စီရင်ချက်**

အမှုမှာ ၂၈-၄-၂၀၂၃ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Golden Apple Auto Parts Co.,Ltd က၂၀-၃-၂၀၂၃ ရက်စွဲပါ Receipt ID No.100237423160 ဖြင့် B/N Excavator And Bulldozer Spare Parts Sprocket Part No.D 65 (770KG) C/O-China အပါအဝင် ကုန်ပစ္စည်း(၆)မျိုးကြေညာဖော်ပြပြီး တင်သွင်းလာသော ကုန်ပစ္စည်းများအား တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်လိုင်စင် ရရှိမှသာတင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းများဖြစ်သော်လည်း သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ ယင်းအက်ဥပဒေပုဒ်မ ၁၆၇(၈)အရ အဆိုပါပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် အယူခံလျှောက်ထားလာမှုဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက အဓိကတင်ပြချက်မှာ ကုမ္ပဏီသည် အခင်းဖြစ်ကုန်ပစ္စည်းများမှာ သွင်းကုန်လိုင်စင် လိုအပ်သောကုန်ပစ္စည်းများဖြစ်၍ ကုန်သွယ်ရေးဦးစီးဌာနကထုတ်ဝေထားသော မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၁၅)၏ အပိုဒ် ၇၂ နှင့်အညီ On Line မှသွင်းကုန်လိုင်စင် ကြိုတင်လျှောက်ထားခဲ့သော်လည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်ထုတ်ပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည့်တိုင် သွင်းကုန်လိုင်စင်ရရှိခဲ့ခြင်းမရှိသဖြင့် အကောက်ခွန်စစ်ဆေးရေးအဖွဲ့က သွင်းကုန်လိုင်စင် လိုအပ်သောပစ္စည်းများဖြစ်၍ တရားမဝင်တင်သွင်းလာသည်ဟု စွပ်စွဲပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာန၏ ကိုယ်စားလှယ်ကအဓိကတင်ပြသည်မှာ အခင်းဖြစ်ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိပြီးမှသာ ပြည်ပမှတင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းများ ဖြစ်ကြောင်း၊ လျှောက်ထားသူ Golden Apple Auto Parts Co., Ltd ကသွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိဘဲ အခင်းဖြစ်ကုန်ပစ္စည်းများကို တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇ (၈) အရအရေးယူခဲ့ခြင်းဖြစ်ကြောင်း ချေပတင်ပြသည်။

အမှုစစ်ဆေးပေါ်ပေါက်ချက်များအရ အခင်းဖြစ်ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိမှသာ ပြည်ပမှတင်သွင်းခွင့်ရှိသောကုန်ပစ္စည်းများဖြစ်ကြောင်း နှစ်ဖက်အငြင်းမပွား ပေါ်ပေါက်သည်ကို တွေ့ရှိရသည်။ အမှု လျှောက်ထားတင်ပြချက်ပါ သွင်းကုန်လိုင်စင်(မူကြမ်း)သည် ကုမ္ပဏီကလျှောက်ထားသည့် လျှောက်ထားလွှာဖြစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးထားသော သွင်းကုန်လိုင်စင် လျှောက်ထားလွှာလက်ခံမိတ္တူ မဟုတ်ကြောင်းနှင့် အခင်းဖြစ်ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိသော ကုန်ပစ္စည်းများဖြစ်ကြောင်း လျှောက်ထားသူဘက်က ခုံအဖွဲ့၏မေးမြန်းချက်အပေါ် ဝန်ခံထွက်ဆိုထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၁၅)၏ အပိုဒ် ၄၇ တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်ခြင်းကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ရရှိပြီးဖြစ်သည့် ကုမ္ပဏီများကသာ ဆောင်ရွက်ခွင့်ပြုကြောင်းနှင့် တင်ပို့တင်သွင်းမည့်ခွင့်ပြုချက်ရယူရန် လိုအပ်သော ကိစ္စရပ်တစ်ခုချင်းအတွက် ပို့ကုန်သွင်းကုန်လိုင်စင်ရရှိပြီးမှသာ တင်သွင်းခွင့်ရှိကြောင်း သတ်မှတ်ထားသည်။ ယင်းလုပ်ထုံးလုပ်နည်းများ၏ အပိုဒ်၇၂တွင်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များအတွက် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိမှသာ ကုန်ပစ္စည်းများ တင်သွင်းခွင့်ရှိကြောင်း သတ်မှတ်ဖော်ပြထားသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ၏ ဇယားအမှတ်စဉ် ၂၀ ပါ ဖော်ပြချက်အရ သွင်းကုန်လိုင်စင်ခွင့်ပြုပြီး တင်သွင်းလာသော ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ပါ ခွင့်ပြုချက်နှင့် ကွဲလွဲတင်သွင်းခြင်းဖြစ်လျှင် 1AV ဒဏ်ကြေးဖြင့် ရွေးယူခွင့်ရရှိနိုင်မည်ဖြစ်သော်လည်း ယခုအမှုပါ ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မရှိဘဲ တင်သွင်းခဲ့သောပစ္စည်းများဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ ဆောင်ရွက်ရန်မသင့်ဟုသုံးသပ်ရရှိသည်။ ယင်းသို့သွင်းကုန်လိုင်စင်ရယူပြီးမှ တင်သွင်းရန် စည်းမျဉ်းကန့်သတ်ထားသည့် ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရှိဘဲ တင်သွင်းခဲ့ခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇(၈) အရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့သောအမိန့်သည် မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

## အမိန့်

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ၏ ၆ - ၇ - ၂၀၂၃ ရက်စွဲပါ အမိန့်ကိုအတည်ပြုပြီး လျှောက်ထားသူ၏ အကောက်ခွန်အယူခံ လျှောက်ထားမှုကို ပလပ်လိုက်သည်။

| ကျော်ကျော် | ရီရီမြင့် | ဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၂၁**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| AQUA LAND Co.,Ltd<br>အမှတ်-H(9/10)၊ မေခအိမ်ရာ<br>လေးထောင့်ကန်လမ်း၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>(၎င်း၏ကိုယ်စားလှယ်- ဒေါ်စန်းစန်းမော်<br>အမှတ်(၁၈)၊ ၅-လွှာ၊ မင်္ဂလာလမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။) | နှင့် | အကောက်ခွန်ဦးစီးဌာန၊<br>အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |

**စီရင်ချက်**

အမှုမှာ ၂၃ - ၃ - ၂၀၂၃ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ AQUA LAND Co.,Ltd က ၁၀-၃-၂၀၂၃ ရက်စွဲပါ Receipt ID No.100236309830 ဖြင့် ကြေညာတင်သွင်းလာသော ကုန်ပစ္စည်းများအား လေလံစာရင်းမှ ပယ်ဖျက်၍ သာမန်ကုန်ထုတ်နည်းအတိုင်း ထုတ်ယူနိုင်ရေးအတွက် တာဝန်ကျအကောက်ခွန် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ Cosmetics (Brand – SENITE) , Collagen Lifting Serum (90 ml) (1 Box x 40 u) (400 u), C/O Korea အပါအဝင် အလှကုန်ပစ္စည်း (၈) မျိုးနှင့် Car Accessories (1152) Sets စုစုပေါင်းခန့်မှန်းတန်ဖိုး ၆၁,၀၂၀,၂၂၅ ကျပ် သည် Receipt ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာခြင်း၊ ကွဲလွဲပါရှိလာခြင်း၊ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော ကုန်ပစ္စည်းများဖြစ်ခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို ကျူးလွန်ခြင်းဖြစ်၍ ယင်းအက်ဥပဒေပုဒ်မ ၁၆၇(၈) အရ အဆိုပါပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် အယူခံလျှောက်ထားလာမှု ဖြစ်ပါသည်။

နှစ်ဖက်လျှောက်ထားတင်ပြချက်များအရ လျှောက်ထားသူ AQUA LAND Co.,Ltd က အခင်းဖြစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ကုန်တင်ပို့သူ Shipper က Order မှားယွင်းတင်ပို့လိုက်သော ကုန်ပစ္စည်းများဖြစ်၍ ထိုင်းနိုင်ငံ Laem Chabang ဆိပ်ကမ်းသို့ ပြန်လည်တင်ပို့ရန် ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနနှင့် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားခဲ့ကြောင်း၊ အကောက်ခွန်ဦးစီးဌာနက တစ်စုံတစ်ရာပြန်ကြားမှုမရှိသဖြင့် အဆိုပါကုန်ပစ္စည်းများအတွက် ရွေးယူဒဏ်ကြေးဖြင့်ထုတ်ယူနိုင်ရန် သက်ဆိုင်ရာစာရွက်စာတမ်းများဖြင့် သွင်းကုန်ကြေညာလွှာတင်သွင်း၍လျှောက်ထားခဲ့သော်လည်း အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ (အကောက်ခွန်ဦးစီးဌာန) က အခင်းဖြစ်ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းရမည့် ကုန်ပစ္စည်းများဖြစ်သော်လည်း သွင်းကုန်လိုင်စင်မရရှိမီ ၁၂-၁၀-၂၀၂၂ နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ၂၅-၁၁-၂၀၂၂ နေ့တွင် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့ရာ ခွင့်ပြုချက်လိုင်စင်မရရှိသဖြင့် ရက် (၆၀) ကျော် ဆိပ်ကမ်း လေလံစာရင်းတွင် အကျုံးဝင်သည့်အတွက် အခင်းဖြစ်ကုန်ပစ္စည်းများသည် လျှောက်ထားသူက မှာယူခြင်းမရှိဘဲ ကုန်တင်ပို့သူက မှားယွင်းပို့လိုက်သောပစ္စည်းများဖြစ်သောကြောင့် Reshipment ပြုလုပ်ခွင့်ပေးပါရန် ၁၀-၁-၂၀၂၃ နေ့တွင် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ၁၀-၃-၂၀၂၃ ရက်နေ့တွင် သွင်းကုန်ကြေညာလွှာ လျှောက်ထားဆောင်ရွက်ခဲ့သော်လည်း ကြေညာထားသည်ထက် ကုန်ပစ္စည်းများပိုမိုပါရှိခြင်း၊ ကွဲလွဲပါရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိရပြီး ယင်းပစ္စည်းများကို သွင်းကုန်လိုင်စင်မရှိဘဲ တင်သွင်းခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) အရ အရေးယူခဲ့ခြင်းဖြစ်ကြောင်း ချေပတင်ပြသည်။

အမှုစစ်ဆေးပေါ်ပေါက်ချက်အရ အမှုတွင် အရေးယူဆောင်ရွက်ထားသော အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိမှသာ ပြည်ပမှ တင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သည်ကို တွေ့ရှိရပြီး အခင်းဖြစ်ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိသော ကုန်ပစ္စည်းများဖြစ်ကြောင်း လျှောက်ထားသူဘက်က ဝန်ခံထွက်ဆိုထားသည်။ သို့ဖြစ်၍ လျှောက်ထားသူဘက်က တင်ပြထားသကဲ့သို့ အခင်းဖြစ်ကုန်ပစ္စည်းများသည် “လျှောက်ထားသူ၏ ကုမ္ပဏီက မှာယူခဲ့ခြင်းမရှိဘဲ ကုန်တင်ပို့သူ Shipper က မှားယွင်းတင်ပို့လိုက်သော ကုန်ပစ္စည်းများဖြစ်သည်” ဆိုသောအချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများအရ စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန၏အမှုတွဲအမှတ် ၁-ရာ/(AWPT)/၂၀၂၃ (၀၇၂)ပါ ညွှန်ကြားရေးမှူး (ထုတ်/သွင်း)၊ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့သို့ လိပ်မူလျက် လျှောက်ထားသူကုမ္ပဏီ၏ ၂၄-၄-၂၀၂၃ ရက်စွဲဖြင့် အသနားခံရှင်းလင်းတင်ပြစာတွင် AQUA LAND Co.,Ltd က တင်သွင်းလာသော Cosmetic Products များနှင့်ပတ်သက်၍ ယာဉ်ဝင်ရက်စွဲ ၁၂-၁၀-၂၀၂၂ မတိုင်ခင်တွင် Licence လျှောက်ထားခဲ့ပါသော်လည်း Licence Draft တို့ကိုသာ ၂၅-၁၁-၂၀၂၂ နေ့တွင် ရရှိခဲ့ပြီး Licence ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်တွင်လည်း ပစ္စည်းများပြတ်လပ်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ တင်သွင်းကြေညာခဲ့သည့် ပစ္စည်းများတွင်လည်း ကွဲလွဲမှုများဖြစ်ပေါ်ရခြင်းမှာ Car Accessories များအား Sample အနေဖြင့် ဈေးကွက်တွင် ဖြန့်ချိအသုံးပြုရန်နှင့် Item (5) ပစ္စည်းမှာလည်း တစ်ဖက်နိုင်ငံမှ Invoice

ထည့်သွင်းဖော်ပြရာတွင် မှားယွင်းဖော်ပြမိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ယင်းအသနား ခံစာပါ ရှင်းလင်းတင်ပြသူ၏ လက်မှတ်မှာ AQUA LAND Co.,Ltd ၏ Managing Director ဦးမောင်လွင်၏ လက်မှတ် မှန်ကန်ကြောင်း ကုမ္ပဏီ၏ အခွင့်ရကိုယ်စားလှယ်က ခုံအဖွဲ့ရှေ့မှောက်တွင် ဝန်ခံတင်ပြခဲ့သည်။

အဆိုပါ အသနားခံ ရှင်းလင်းတင်ပြစာအရ အခင်းဖြစ်ကုန်ပစ္စည်းများသည် ကုန်တင်ပို့သူ Shipper က Order မှားယွင်းတင်ပို့လိုက်သော ပစ္စည်းများမဟုတ်ဘဲ လျှောက်ထားသူ၏ကုမ္ပဏီက မှာယူတင်သွင်းခဲ့သော ပစ္စည်းများ ဖြစ်သည်မှာ ထင်ရှားသည်။ လျှောက်ထားသူကုမ္ပဏီသည် အခင်းဖြစ်ကုန်ပစ္စည်းများကို တင်သွင်းခဲ့ပြီး သွင်းကုန် လိုင်စင်လျှောက်ထား၍ မရရှိသည့်အခါမှ Reshipment ပြုလုပ်ရန် တင်ပြလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သုံးသပ် တွေ့ရှိရသည်။ သင်္ဘောပိုင်ရှင်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံ အကြောင်းကြားခဲ့သော ၁၀-၁-၂၀၂၃ ရက်စွဲပါ E-mail တွင်လည်း "According to Consignee's request ........" ဟူ၍ ဖော်ပြထားချက်အရ အခင်းဖြစ်ကုန်ပစ္စည်းများကို ပြန်လည်တင်ပို့ခွင့်ပြုရန် လျှောက်ထားသူ၏ကုမ္ပဏီက ကုန်တင်ပို့သူထံ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၅ ဖြင့် ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)၊ အပိုဒ် ၄၇ တွင် ပို့ကုန်သွင်းကုန် လုပ်ငန်း ဆောင်ရွက်ခြင်းကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီများသာ ဆောင်ရွက်ခွင့်ပြု ကြောင်းနှင့် တင်ပို့တင်သွင်းမည့် ခွင့်ပြုချက်ရယူရန်လိုအပ်သော ကိစ္စရပ်တစ်ခုချင်းအတွက် ပို့ကုန်သွင်းကုန်လိုင်စင် ရရှိပြီးမှသာ တင်ပို့တင်သွင်းခွင့်ရှိကြောင်း သတ်မှတ်ထားသည်။ အပိုဒ် ၇၂ တွင်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည်များအတွက် သွင်းကုန်လိုင်စင် ခွင့်ပြုချက်ရရှိမှသာ ကုန်ပစ္စည်းများ တင်သွင်းခွင့်ရှိကြောင်း သတ်မှတ်ဖော်ပြထားသည်။ ယင်းသို့ သွင်းကုန်လိုင်စင်ရယူပြီးမှ တင်သွင်းရန် စည်းမျဉ်းကန့်သတ်ထားသည့် ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်မရှိဘဲ တင်သွင်းခဲ့ခြင်းသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ခြင်းဖြစ်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ကုန်ပစ္စည်း များအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သော အမိန့်သည် မှားယွင်းသည်ဟုဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်းအမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၏ ၁၄ - ၆ -၂၀၂၃ ရက်စွဲပါ အမိန့်စာအမှတ် ၁ - ရာ/(AWPT)/ ၂၀၂၃(၀၇၂) ဖြင့် ချမှတ်ခဲ့သော အမိန့်ကိုအတည်ပြုပြီး လျှောက်ထားသူ၏ အကောက်ခွန်အယူခံလျှောက်ထားမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဒေါ်မျိုးကြည်ညွှန့် | ဝင်းတင် | ဦးကြည် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

## ၂၀၂၃ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၂၂

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| XING LI International Trading Co., Ltd<br>အမှတ်(၂၃)၊၂၅လမ်း၊(၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဦးအောင်ဇင်နိုင်၊<br>၁၄/ဝခမ(နိုင်)၂၂၄၅၁၂၊<br>အမှတ်(၆၁)၊ အထက်ပုဇွန်တောင်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊<br>အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ဦးစီးအရာရှိ)၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |

### စီရင်ချက်

အမှုမှာ ၁၁-၅-၂၀၂၃ ရက်နေ့တွင် MIP ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ XING LI International Co., Ltd မှ Receipt ID No. 100237380830 (20-3-2023) တွင် Plastic Resin Dowlex (49500 kg)ဟု ကြေညာဖော်ပြထားပြီး တင်သွင်းလာသောကုန်ပစ္စည်းများအား တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးချက်အရ Receipt ID No.100237380830 (20-3-2023)တွင် ကြေညာဖော်ပြထားသည့် ကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိမှသာ တင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းဖြစ်သည့်အတွက် XING LI International Co., Ltd မှသွင်းကုန်လိုင်စင် (IL) တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်းလာသော Plastic Resin Dowlex (1980 Bags) (49500 kg) C/O ဆော်ဒီအာရေဗီးယားနိုင်ငံ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၇၂,၇၆၅,ဝဝဝ ခန့်အား တရားမဝင်တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းလိုက်ခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့်

လျှောက်ထားသူ(ကိုယ်စား)တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းလျှောက်ထားလာသောအမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များ၊ ပြန်ရှင်းလျှောက်လဲချက်များ၊ မေးမြန်းချက်များကို ကြားနာပြီးဖြစ်သည့်အပြင် အမှုတွဲပါစာတမ်းအမှတ်အသားများ၊ သက်သေခံချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို အသေးစိတ်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့လေ့လာခဲ့ရာ၌ XING LI International Co., Ltd က Plastic Resin Dowlex ဆော်ဒီအာရေဗီးယားနိုင်ငံမှ မှာယူတင်သွင်းသော (1 x 25 kg) (1980bags) (49500 kg) ကို အကောက်ခွန်ဦးစီးဌာန၌ Receipt ID No. 100237380830 (20-3-2023) သွင်းကုန်ကြေညာလွှာတင်သွင်း၍ ပစ္စည်းထုတ်ယူသည့်အခါလိုအပ်သော သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိခြင်းကြောင့် အကောက်ခွန်ဦးစီးဌာနကပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်းတွေ့ရသည်။

အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိပြီးမှသာ တင်သွင်းခွင့်ရှိသောပစ္စည်းများဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်စလုံးကသိရှိနားလည်ထားကြကြောင်းကို အငြင်းမပွားတွေ့ရသည်။

လျှောက်ထားသူအနေဖြင့် အခင်းဖြစ်ပစ္စည်းများကိုထုတ်ယူရန်အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းခဲ့သောသွင်းကုန်ကြေညာလွှာနှင့်အတူ သွင်းကုန်လိုင်စင်ပူးတွဲတင်ပြရာ၌ ပထမအကြိမ်တွင် ဝန်ထမ်း၏ပေါ့လျော့မှုကြောင့် မသက်ဆိုင်သည့် သွင်းကုန်လိုင်စင်ကိုမှားယွင်းတင်ပြမိခဲ့ကြောင်း အမှန် သွင်းကုန်လိုင်စင်အမှတ်OVSIL-12223081267(17-3-2023) ကို Receipt ID No.100237380830 ၌ပြန်လည်ပူးတွဲတင်ပြခဲ့သည်ဆိုသော်လည်း အကောက်ခွန်ဦးစီးဌာနအနေဖြင့် ယင်းသွင်းကုန်လိုင်စင်သည် အခင်းဖြစ်ပစ္စည်းများနှင့် အကြောင်းခြင်းရာများအရ စပ်ဆိုင်မှုမရှိသော၊ သက်ဆိုင်မှုမရှိသော သွင်းကုန်လိုင်စင်ဖြစ်သည်ဟု တင်ပြထားကြောင်းတွေ့ရသည်။

လျှောက်ထားသူတင်ပြထားသော အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများတင်သွင်း ရောက်ရှိလာသည့်နေ့ရက်မှာ ၂၄-၁၂-၂၀၂၂ ဖြစ်ခြင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားသည့်နေ့ရက်မှာ ၁၆-၁၁-၂၀၂၂ ဖြစ်ခြင်း၊ သွင်းကုန်လိုင်စင်ရရှိသည့်နေ့ရက်မှာ ၁၇-၃-၂၀၂၃ ဖြစ်ခြင်းကြောင့် အခင်းဖြစ် ပစ္စည်းများမရောက်ရှိမီသွင်းကုန်လိုင်စင်ကို ကြိုတင်လျှောက်ထားကြောင်းတွေ့ရှိရသည်။

လျှောက်ထားသူ၏ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေက ပြန်ရှင်းလျှောက်လဲချက်တင်ပြရာ၌ သွင်းကုန်လိုင်စင်မရမီ ကုန်ပစ္စည်းများဆိပ်ကမ်းသို့ရောက်ရှိနေပါကြောင်း ထွက်ဆိုထားပြီးဖြစ်ကြောင်းတွေ့ရသည်။

အကောက်ခွန်ဦးစီးဌာန၏တင်ပြသော အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများတင်သွင်းရောက်ရှိသည့်နေ့ရက်မှာ ၂၄-၁၂-၂၀၂၂ ရက်နေ့ဖြစ်ခြင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားသည့်နေ့ရက်မှာ ၂၈-၂-၂၀၂၃ ရက်နေ့ဖြစ်ကြောင်းသာတွေ့ရှိရသဖြင့် အခင်းဖြစ်ပစ္စည်းများသည် ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိပြီးမှသာ သွင်းကုန်လိုင်စင်လျှောက်ထားသည်မှာမှားယွင်းသည်ဟု မဆိုနိုင်ကြောင်းသုံးသပ်သည်။

အခင်းဖြစ်ပစ္စည်းများကိုလျှောက်ထားသူကုမ္ပဏီက ၂၀-၃-၂၀၂၃ ရက်စွဲပါစာဖြင့်ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာနထံသို့ 1AV ဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပြုပါရန် အသနားခံတင်ပြစာ၌ "ကျွန်တော်များတင်သွင်းခဲ့သော Plastic Resin များသည် MIP ဆိပ်ကမ်းသို့ ၂၄-၁၂-၂၀၂၂ ရက်နေ့တွင်ရောက်ရှိခဲ့ပြီး ယခုအခါတွင်ရက် ၆၀ ကျော်လေလံစာရင်းသို့ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်ပစ္စည်းများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သွင်းကုန်တင်သွင်းခွင့် လိုင်စင်လျှောက်ထားခဲ့ပါသော်လည်း ယခုအချိန်ရက်ပေါင်း ၈၄ ရက်အထိ မရရှိသေးသဖြင့် ဆိပ်ကမ်းခနှင့်အခြားကုန်ကျစရိတ်များစွာကျသင့်နေပြီဖြစ်ပါသည်" ဟုဖော်ပြထားကြောင်းတွေ့ရှိရသော်လည်း သွင်းကုန်လိုင်စင် ၁၇-၃-၂၀၂၃ ရက်နေ့ကရရှိခဲ့ပါသည်ဆိုသော တင်ပြသည့်အထောက်အထားတို့မှာ ကုမ္ပဏီတစ်ခုတည်းက လွဲမှားစွာတင်ပြနေသည်ဟုသုံးသပ်သည်။ သွင်းကုန်လိုင်စင်အမှန်တကယ်ရရှိပြီးပါက ၂၀-၃-၂၀၂၃ ရက်နေ့တွင် ရေးသားသောစာ၌ အတိအကျဖော်ပြသင့်သော်လည်း မဖော်ပြသည့်အပြင် မရရှိသေးဟုဖော်ပြထားခဲ့ခြင်းသည် ကုမ္ပဏီ၏ပေါ့လျော့မှုသာဖြစ်ကြောင်းသုံးသပ်သည်။

အခင်းဖြစ်ပစ္စည်းများ ဆိပ်ကမ်းသို့ရောက်ရှိသည့်နေ့မှာ ၂၄-၁၂-၂၀၂၂ ရက်နေ့ဖြစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနက ဖွင့်ဖောက်စစ်ဆေးရေးပြုလုပ်ပေးသည့်နေ့မှာ ၁၁-၅-၂၀၂၃ ရက်နေ့ဖြစ်ခြင်း၊ သိမ်းဆည်းမိန့်ထုတ်ပြန်သည့်နေ့မှာ ၂၂-၆-၂၀၂၃ ရက်နေ့ဖြစ်ခြင်း၊ (၂၄-၁၂-၂၀၂၂ မှ ၂၂-၆-၂၀၂၃) ကာလအထိတိုင် လျှောက်ထားသူကုမ္ပဏီကသွင်းကုန်လိုင်စင်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာထပ်မံရှင်းလင်းတင်ပြမှုမရှိခြင်းမှာ ကုမ္ပဏီ၏ပေါ့လျော့မှုဖြစ်ကြောင်းသုံးသပ်သည်။

လျှောက်ထားသူက အခင်းဖြစ်ပစ္စည်းများကို ဆိပ်ကမ်းသို့ရောက်ရှိသည့်နေ့ ၂၄-၁၂-၂၀၂၂ ရက်နေ့မှအကောက်ခွန်ဦးစီးဌာနသို့ 1AV ဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုရန်တင်ပြသည့် ၂၀-၃-၂၀၂၃ ရက်နေ့အထိ သွင်းကုန်လိုင်စင်မရရှိသေးသည့်အတွက် VPA ၈၁ ရက် ဖြစ်ပေါ်နေသည်ဟုမှတ်ယူပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၉-၆-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၃ အရ 1AV ဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပြုရန်တင်ပြမှုအပေါ် အကောက်ခွန်ဦးစီးဌာနက ယင်းအမိန့်ကြော်ငြာစာအရ စတင်အကျိုးသက်ရောက်သည့်နေ့မှာ ၉-၆-၂၀၂၃ ရက်နေ့ဖြစ်ခြင်းကြောင့် ယခုဖြစ်စဉ်သည် အကျုံးမဝင်ပါကြောင်းတင်ပြချက်သည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်းသုံးသပ်သည်။

လျှောက်ထားသူ XING LI International Co., Ltd အနေဖြင့် ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်ပမှတင်သွင်းခဲ့သည့် Plastic Resin Dowlex (1980 Bags)(49500 kg) စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၇၂,၇၆၅,၀၀၀ ခန့်သည် သွင်းကုန်လိုင်စင်လိုအပ်သော ကုန်ပစ္စည်းများဖြစ်ပြီး သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိဘဲ ပြည်တွင်းသို့တင်သွင်းလာခြင်းဖြစ်သဖြင့် သွင်းကုန်လိုင်စင်မပါရှိဘဲတင်သွင်းခဲ့ခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ပါ ပြဋ္ဌာန်းချက်များအားဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာနက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်းသုံးသပ်၍ အောက်ပါအတိုင်းအမိန့်ချမှတ်လိုက်သည်-

## အမိန့်

ညွှန်ကြားရေးမှူး၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့၏ ၂၂-၆-၂၀၂၃ ရက်စွဲပါ၊ အမိန့်စာအမှတ် ၁-ရာ/ကသတ(MIP)/၂၀၂၃(၆၅) ကို အတည်ပြုပြီး ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ရီရီမြင့် | ဦးကြည် | ဝင်းနိုင် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၃/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်ကျော်အောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၄/၂၀၂၄)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ (လေကြောင်းထိန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်ဇော်သိန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (လေကြောင်းထိန်းသိမ်းရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၅/၂၀၂၄)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးရဲဝင်းထွန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (ပို့ဆောင်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၆/၂၀၂၄)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်အရ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ သင်ကြားလေ့ကျင့်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သလရ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးထွန်းထွန်းစိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (သလရ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀၈/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ စီမံခန့်ခွဲရေးဌာနမှ ဌာနမှူး (စီမံခန့်ခွဲရေး)၊ လစာနှုန်း

(၃၇၄,၀၀၀ိ-၄,၀၀၀ိ-၃၉၄,၀၀၀ိ) ဦးအောင်နိုင်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၀၉/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ/၀၆၆၃)၊ ညွှန်ကြားရေးမှူး ဦးဝင်းဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၉-၁၁-၂၀၂၄ ရက်နေ့မှ ၈-၃-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၉-၃-၂၀၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၃၀/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူခင်းရဲတပ်ဖွဲ့တွင် တွဲဖက်ထားသော အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၅၆၇ ရဲမှူးချုပ် လူလူသန်း အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ မူခင်းရဲတပ်ဖွဲ့သို့ တပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၉၃၁/၂၀၂၄)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (၁၄)၊ **မြေဧရိယာ ၀.၁၄၇ ဧက** ရှိမြေအား **ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၃၂/၂၀၂၄)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅၈/တောင်ပေါ်ရပ်)၊ ဦးပိုင်အမှတ် (၁၂)၊ မြေကွက်အမှတ် ( $\frac{12}{78}$ )၊ **မြေဧရိယာ ၀.၅၅၃ ဧက** ရှိမြေအား **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (တောင်ကြီး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံ ရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၃၇/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၇) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၆၁၂၂၉ ရဲအုပ် ရဲမြင့် ရဲ ၈၇၅၂

အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့

(၂) လ ၁၆၄၅၃၇ ရဲအုပ် မျိုးသန့် ရဲ ၈၇၅၃

အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့

(၃) လ ၁၉၈၁၅၅ ရဲအုပ် မြိုင်ဝင်း ရဲ ၈၇၅၄

အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၄) လ ၂၁၅၈၀၈ ရဲအုပ် သက်ပို ရဲ ၈၇၅၅

အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၅) လ ၂၂၆၀၁၉ ရဲအုပ် ချမ်းမြေ့ကျော် ရဲ ၈၇၅၆

အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၆) လ ၁၉၅၂၈၆ ရဲအုပ် စိုးနိုင်ထွန်း ရဲ ၈၇၅၇

အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၇) လ ၁၉၈၅၇၃ ရဲအုပ် စောဝင်း ရဲ ၈၇၅၈

အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၃၈/၂၀၂၄)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၇) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၂၆၃၆၆ ရဲအုပ် ဝင်းခိုင်ဦး ရဲ ၈၇၅၉

အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၂) လ ၂၀၁၀၆၀ ရဲအုပ် နန်းဆွေ ရဲ ၈၇၆၀

အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၃) လ ၂၀၅၁၄၃ ရဲအုပ် ခင်မောင်ထူး ရဲ ၈၇၆၁

အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၄) လ ၂၁၉၁၃၈ ရဲအုပ် ကျော်သူရ ရဲ ၈၇၆၂

အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၅) လ ၂၁၇၆၉၁ ရဲအုပ် စည်သူထွန်း ရဲ ၈၇၆၃

အမှတ် (၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၆) လ ၂၃၈၅၅၄ ရဲအုပ် သန့်ဇင်ထွန်း ရဲ ၈၇၆၄

အမှတ် (၉) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

(၇) လ ၂၃၈၆၈၂ ရဲအုပ် စောဘုန်းဝေ ရဲ ၈၇၆၅

အမှတ် (၁၀) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ

**အမိန့်ကြော်ငြာစာ (၉၃၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၉) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၅/ခ၊ အလက (၆) ကျောင်းကွက်]၊ ဦးပိုင်အမှတ် (၆၅)၊ **မြေဧရိယာ ၀.၁၀၉ ဧက** ရှိမြေအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **အမှတ် (၁၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (လားရှိုး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၉၄၀/၂၀၂၄)**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ဘူတာရပ်ကွက်၊ အကွက် အမှတ်နှင့် အမည် (၅/ဘူတာ)၊ ဦးပိုင်အမှတ် (၁၆)၊ **မြေဧရိယာ ၇.၁၈၆ ဧက** ရှိမြေအား အားကစားနှင့် ကာယပညာဦးစီးဌာန၊ **မြို့နယ်အားကစားကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

**[ ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားချက်အမှတ် (၁/၂၀၂၄)၊ ရဲတပ်ဖွဲ့ဝင်၏ ပင်စင် (အငြိမ်းစား) လစာနှင့် လုပ်သက်ဆုခံစားခွင့်ဆိုင်ရာ ညွှန်ကြားချက် မှ အဆက် ]**

၂၁။　အမွေခံသည် ဇနီး သို့မဟုတ် ခင်ပွန်းဖြစ်ပြီး အသက် ၁၈ နှစ်မပြည့်သေးသည့် သား၊ အသက် ၂၁ နှစ်မပြည့်သေးသည့် သမီးရှိနေလျှင် လူပျို သို့မဟုတ် အပျိုဖြစ်ပါက ကလေးစရိတ်ကို ဒုတိယရဲမှူးနှင့်အထက် လစဉ်နောက်ဆုံးမူရင်းထုတ်လစာ၏ ၅ ရာခိုင်နှုန်း၊ ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ လစဉ်နောက်ဆုံးထုတ်မူရင်း လစာ၏ ၈ ရာခိုင်နှုန်း ခံစားခွင့်ရှိသည်။

၂၂။　ရဲတပ်ဖွဲ့ဝင်သည် တာဝန်ထမ်းဆောင်နေဆဲကာလအတွင်း သေဆုံးသည့်အခါ အထူးပင်စင်ခံစားခွင့် မရရှိထိုက်ပါက အပိုဒ် ၁၀ ပါအတိုင်း မိသားစုပင်စင်ခံစားခွင့်ပြုနိုင်သည်။

**ဦးစားပေးအစီအစဉ်**

၂၃။　ကျဆုံး သို့မဟုတ် သေဆုံးသူ ရဲတပ်ဖွဲ့ဝင်၏မိသားစုအား မိသားစုပင်စင် သို့မဟုတ် အထူးပင်စင်ကို အောက်ပါဦးစားပေးအစဉ်အရ ခံစားခွင့်ပြုနိုင်သည်-

(က)　သေဆုံးသူရဲတပ်ဖွဲ့ဝင်၏-

(၁)　ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂)　ကွာရှင်းပြီးဖြစ်သည့် ဇနီး သို့မဟုတ် ခင်ပွန်းနှင့် ရရှိသောကလေးများ။

ရှင်းလင်းချက်။　သေဆုံးသူရဲတပ်ဖွဲ့ဝင်နှင့် ကွာရှင်းပြီးဖြစ်သည့် ဇနီး သို့မဟုတ် ခင်ပွန်းနှင့် ရရှိသောကလေးများသည် အပိုဒ်ခွဲ (ခ) ရှိ စည်းကမ်းချက်များတွင်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) ရှိ စည်းကမ်းချက်များတွင်လည်းကောင်း အကျုံးဝင်ပါက ကျန်ရှိသော ဇနီး သို့မဟုတ် ခင်ပွန်းနှင့်အတူ ပင်စင်ကို ခွဲဝေယူပိုင်ခွင့်ရှိသည်။ သေဆုံးသူနှင့် ကွာရှင်းပြီးသည့် ဇနီး သို့မဟုတ် ခင်ပွန်း တစ်ဦးစီ၏ ကလေးများစုပေါင်း၍ ရရှိသည့်ဝေစုသည် အသက်ရှင်လျက်ရှိသည့် ဇနီး သို့မဟုတ် ခင်ပွန်း၏ ဝေစုနှင့်အညီအမျှဖြစ်ရမည်။

(ခ)　အပိုဒ်ခွဲ (က) နှင့် အကျုံးဝင်သူများမရှိလျှင် အသက် ၁၈ နှစ်အောက်ရှိကြသော သို့မဟုတ် တက္ကသိုလ် တစ်ခုခုတွင်သော်လည်းကောင်း၊ သိပ္ပံကျောင်းတစ်ခုခုတွင်သော်လည်းကောင်း၊ စာသင်ကျောင်း

တစ်ခုခုတွင်သော်လည်းကောင်း၊ အခြားပညာရေးအဖွဲ့အစည်းတစ်ခုခုတွင်သော်လည်းကောင်း၊ အချိန်ပြည့်ပညာသင်ကြားနေကြသော သို့မဟုတ် စိတ်ချို့ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်ချည့်နဲ့ခြင်းကြောင့်သော်လည်းကောင်း မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သည့် အိမ်ထောင်မပြုသေးသော သားသမီးများ (မွေးစားသော သို့မဟုတ် မယားပါ၊ လင်ပါ သားသမီးအပါအဝင်)၊

(ဂ) အပိုဒ်ခွဲ (ခ) တွင် အကျုံးဝင်သူများမရှိလျှင် အိမ်ထောင်မပြုသေးသော သို့မဟုတ် မုဆိုးမဖြစ်နေသော သမီးများ (အိမ်ထောင်မပြုသေးသော သို့မဟုတ် မုဆိုးမဖြစ်သော သမီးများ သို့မဟုတ် မယားပါ၊ လင်ပါ သမီးအပါအဝင်)၊

(ဃ) အပိုဒ်ခွဲ (ဂ) နှင့် အကျုံးဝင်သူများမရှိလျှင် အသက် ၁၈ နှစ်အောက်ရှိသော သို့မဟုတ် တက္ကသိုလ်တစ်ခုခုတွင်သော်လည်းကောင်း၊ သိပ္ပံကျောင်းတစ်ခုခုတွင်သော်လည်းကောင်း၊ စာသင်ကျောင်းတစ်ခုခုတွင်သော်လည်းကောင်း၊ အခြားပညာရေးအဖွဲ့အစည်းတစ်ခုခုတွင်သော်လည်းကောင်း၊ အချိန်ပြည့်ပညာသင်ကြားနေကြသော သို့မဟုတ် စိတ်ချို့ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်ချည့်နဲ့ခြင်းကြောင့်သော်လည်းကောင်း မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သည့် အိမ်ထောင်မပြုသေးသော မိဘမဲ့မြေးများ၊

(င) အပိုဒ်ခွဲ (ဃ) နှင့် အကျုံးဝင်သူများမရှိလျှင် မိဘများ (မွေးစားမိဘများ အပါအဝင်)၊

(စ) အပိုဒ်ခွဲ (င) နှင့် အကျုံးဝင်သူများမရှိလျှင် အသက် ၁၈ နှစ်အောက်ရှိသော တက္ကသိုလ်တစ်ခုခုတွင်သော်လည်းကောင်း၊ သိပ္ပံကျောင်းတစ်ခုခုတွင်သော်လည်းကောင်း၊ စာသင်ကျောင်းတစ်ခုခုတွင်သော်လည်းကောင်း၊ အခြားပညာရေးအဖွဲ့အစည်းတစ်ခုခုတွင်သော်လည်းကောင်း၊ အချိန်ပြည့် ပညာသင်ကြားနေကြသော သို့မဟုတ် စိတ်ချို့ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်ချည့်နဲ့ခြင်းကြောင့်သော်လည်းကောင်း မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကျောင်းမှုကို မစွမ်းဆောင်နိုင်သည့် ညီ၊ မောင်အရင်းနှင့် နှမ၊ ညီမအရင်းများ၊

(ဆ) အပိုဒ်ခွဲ (စ) နှင့် အကျုံးဝင်သူများမရှိလျှင် အိမ်ထောင်မပြုသေးသော သို့မဟုတ် မုဆိုးမဖြစ်နေသော နှမ၊ ညီမအရင်းများ၊

(ဇ) အပိုဒ်ခွဲ (ဆ) နှင့် အကျုံးဝင်သူများမရှိလျှင် အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) အရ ပယ်ထားသော သားသမီးများ၊

(ဈ) အပိုဒ်ခွဲ (ဇ) နှင့် အကျုံးဝင်သူများမရှိလျှင် အပိုဒ်ခွဲ (စ) အရ ပယ်ထားသော ညီအစ်ကိုမောင်နှမအရင်းများ။

၂၄။ အောက်ပါအခြေအနေများတွင် မိသားစုပင်စင် သို့မဟုတ် အထူးပင်စင် မပေးရ-

(က) သေဆုံးသူ ရဲတပ်ဖွဲ့ဝင်၏ ဇနီး သို့မဟုတ် ခင်ပွန်းသည် ထပ်မံအိမ်ထောင်ပြုသည့်အခါ၊

(ခ) ပင်စင်ရရှိနေသူ မိန်းမ သို့မဟုတ် ယောကျ်ားတစ်ဦးသည် အိမ်ထောင်ပြုသည့်အခါ၊

(ဂ) ပင်စင်ရရှိနေသူ မုဆိုးမ သို့မဟုတ် မုဆိုးဖိုတစ်ဦးသည် ထပ်မံအိမ်ထောင်ပြုသည့်အခါ။

**တာဝန်ထမ်းဆောင်စဉ် ရောဂါရရှိခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိ၍ မသန်စွမ်းဖြစ်ခြင်း**

၂၅။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့်အခါ၊ ထိခိုက်အနာတရဖြစ်သည့်အခါ၊ မသန်စွမ်းဖြစ်သည့်အခါ သတ်မှတ်ထားသောဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် အထူးပင်စင်ခံစားခွင့်ရှိသည်။

**ခံစားခွင့်ပြုသည့် မသန်စွမ်းမှုများ**

၂၆။ ခံစားခွင့်ပြုသည့် မသန်စွမ်းမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ရသော သို့မဟုတ် တာဝန်ထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးရွားလာသည်ဟု အကြောင်းပြု၍ရသော မသန်စွမ်းမှု၊

(ခ) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍မိမိပေါ့လျော့မှုကြောင့်မဟုတ်ဘဲ ထိခိုက်အနာတရ သို့မဟုတ် ဒဏ်ရာရရှိသော ကိုယ်အင်္ဂါချို့ယွင်းမှုတစ်ခုခုဖြစ်ပေါ်လာရသော မသန်စွမ်းမှု၊

(ဂ) ထွက်ခွင့်ပေးလိုက်ပြီးဖြစ်သော အငြိမ်းစားလစာရ သို့မဟုတ် ဆုငွေရ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ထိုကဲ့သို့ ထွက်ခွင့်ပေးလိုက်သည့် ရက်မှ ခုနစ်နှစ်အတွင်း တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ရသော သို့မဟုတ် တာဝန်ထမ်းဆောင်နေစဉ် မိမိ၏ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ ထိခိုက်အနာတရ ဒဏ်ရာ

ရရှိခဲ့သောကြောင့် ဖြစ်ပေါ်လာသော မသန်စွမ်းမှု သို့မဟုတ် ယခင်ကပင်ရှိနေပြီး သို့မဟုတ် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်ပေါ်ပြီး တာဝန်ထမ်းဆောင်နေရခြင်းကြောင့် ပိုမိုဆိုးရွားလာခဲ့သည်ဟု အကြောင်းပြ၍ရသော မသန်စွမ်းမှု။

**တာဝန်ထမ်းဆောင်စဉ် ရောဂါရရှိခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိ၍ မသန်စွမ်းဖြစ်ခြင်းအတွက် အထူးပင်စင်နှုန်းထားများ**

၂၇။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့်အခါ၊ ထိခိုက်အနာတရဖြစ်သည့်အခါ၊ မသန်စွမ်းဖြစ်သည့်အခါ အောက်ပါနှုန်းထားများအတိုင်း အထူးပင်စင်ခံစားခွင့်ရှိသည်-

(က) **ဒုတိယရဲမှူးနှင့်အထက် အထူးပင်စင်နှင့် လုပ်သက်ဆုငွေ**

(၁) **လုပ်သက် ၁၅ နှစ်အထက် ဒုတိယရဲမှူးနှင့်အထက်**

(ကက) အထူးပင်စင် (မသန်စွမ်းမှု) = နောက်ဆုံးထုတ်လစာနှင့်စရိတ် x လုပ်သက် ÷ ၆၀

(ခခ) လုပ်သက်ဆုငွေ = နောက်ဆုံးထုတ်လစာနှင့်စရိတ် x လုပ်သက် x ၇၅ %

(ဂဂ) ကရုဏာကြေး = ဆုကြေးငွေတွက်သောလစာနှင့်စရိတ် x ၃ (အထူးမသန်စွမ်း ၆၀ % အထက်)

(ဃဃ) ကူဖော်စရိတ် = တပ်သားတစ်ဦး၏ အခြေခံလစာ (အထူးမသန်စွမ်း ၁၀၀ % )

(ငင) ဆေးရာခိုင်နှုန်း = အဆင့်လစာ (နှစ်တိုးမပါ) x မသန်စွမ်းမှုဆေးရာခိုင်နှုန်းအရ တွက်ချက်ရန်သတ်မှတ်သည့် ရာခိုင်နှုန်း

(၂) **လုပ်သက် ၁၅ နှစ်နှင့်အောက် ဒုတိယရဲမှူးနှင့်အထက်**

(ကက) အထူးပင်စင် (မသန်စွမ်းမှု) = နောက်ဆုံးထုတ်လစာနှင့်စရိတ် x ၁၅ ÷ ၆၀

(ခခ) လုပ်သက်ဆုငွေ = နောက်ဆုံးထုတ်လစာနှင့်စရိတ် x ၁၅ x ၇၅ %

(ဂဂ) ကရုဏာကြေး = ဆုကြေးငွေတွက်သောလစာနှင့်စရိတ် x ၃

(အထူးမသန်စွမ်း ၆၀ % အထက်)

(ဃဃ) ကူဖော်စရိတ် = တပ်သားတစ်ဦး၏ အခြေခံလစာ

(အထူးမသန်စွမ်း ၁၀၀ % )

(ငင) ဆေးရာခိုင်နှုန်း = အဆင့်လစာ (နှစ်တိုးမပါ) x မသန်စွမ်းမှုဆေးရာခိုင်နှုန်း

အရ တွက်ချက်ရန်သတ်မှတ်သည့် ရာခိုင်နှုန်း

**(၃) သာမန်မသန်စွမ်းမှုအတွက် အထူးပင်စင် (ဒုတိယရဲမှူးနှင့်အထက်)**

(ကက) ဆေးရာခိုင်နှုန်း ၁၀၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၃ %

(ခခ) ဆေးရာခိုင်နှုန်း ၉၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၂ %

(ဂဂ) ဆေးရာခိုင်နှုန်း ၈၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၁ %

(ဃဃ) ဆေးရာခိုင်နှုန်း ၇၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၀ %

(ငင) ဆေးရာခိုင်နှုန်း ၆၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၉ %

(စစ) ဆေးရာခိုင်နှုန်း ၅၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၈ %

(ဆဆ) ဆေးရာခိုင်နှုန်း ၄၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၇ %

(ဇဇ) ဆေးရာခိုင်နှုန်း ၃၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၆ %

(ဈဈ) ဆေးရာခိုင်နှုန်း ၂၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၅ %

**(၄) အထူးမသန်စွမ်းမှုအတွက် အထူးပင်စင် (ဒုတိယရဲမှူးနှင့်အထက်)**

(ကက) ဆေးရာခိုင်နှုန်း ၁၀၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၆ %

(ခခ) ဆေးရာခိုင်နှုန်း ၉၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၅ %

(ဂဂ) ဆေးရာခိုင်နှုန်း ၈၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၄ %

(ဃဃ) ဆေးရာခိုင်နှုန်း ၇၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၃ %

( င င ) ဆေးရာခိုင်နှုန်း ၆၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၂ %

( စ စ ) ဆေးရာခိုင်နှုန်း ၅၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၁ %

(ဆဆ) ဆေးရာခိုင်နှုန်း ၄၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၀ %

( ဇ ဇ ) ဆေးရာခိုင်နှုန်း ၃၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၉ %

( ဈ ဈ ) ဆေးရာခိုင်နှုန်း ၂၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၈ %

**( ခ ) ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ အထူးပင်စင်နှင့် လုပ်သက်ဆုငွေ**

**(၁) လုပ်သက် ၁၅ နှစ်အထက် ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ**

(ကက) အထူးပင်စင် (မသန်စွမ်းမှု) = နောက်ဆုံးထုတ်လစာနှင့် စရိတ် x လုပ်သက် ÷ ၆၀

( ခ ခ ) လုပ်သက်ဆုငွေ = အဆင့်လစာနှစ်တိုးဆုံး x လုပ်သက် x ၇၅%

( ဂ ဂ ) ကရုဏာကြေး = ဆုကြေးငွေတွက်သောလစာနှင့် စရိတ် x ၃ (အထူးမသန်စွမ်း ၆၀ % အထက်)

(ဃဃ) ကူဖော်စရိတ် = တပ်သားတစ်ဦး၏ အခြေခံလစာ (အထူးမသန်စွမ်း ၁၀၀ % )

( င င ) ဆေးရာခိုင်နှုန်း = အဆင့်လစာ (နှစ်တိုးမပါ) x မသန်စွမ်းမှုဆေးရာခိုင်နှုန်းအရ တွက်ချက်ရန်သတ်မှတ်သည့်ရာခိုင်နှုန်း

**(၂) လုပ်သက် ၁၅ နှစ်နှင့်အောက် ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ**

(ကက) အထူးပင်စင် (မသန်စွမ်းမှု) = အဆင့်လစာနှစ်တိုးဆုံး x ၁၅ ÷ ၆၀

( ခ ခ ) လုပ်သက်ဆုငွေ = အဆင့်လစာနှစ်တိုးဆုံး x ၁၅ x ၇၅%

( ဂ ဂ ) ကရုဏာကြေး = ဆုကြေးငွေတွက်သောလစာနှင့် စရိတ် x ၃ (အထူးမသန်စွမ်း ၆၀ % အထက်)

(ဃဃ) ကူဖော်စရိတ် = တပ်သားတစ်ဦး၏ အခြေခံလစာ

(အထူးမသန်စွမ်း ၁၀၀ % )

( ငင ) ဆေးရာခိုင်နှုန်း = အဆင့်လစာ (နှစ်တိုးမပါ) x မသန်စွမ်းမှုဆေးရာခိုင်နှုန်းအရ

တွက်ချက်ရန်သတ်မှတ်သည့်ရာခိုင်နှုန်း

(၃) **သာမန်မသန်စွမ်းမှုအတွက် အထူးပင်စင် (ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ)**

(ကက) ဆေးရာခိုင်နှုန်း ၁၀၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၅ %

( ခခ ) ဆေးရာခိုင်နှုန်း ၉၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၄ %

( ဂဂ ) ဆေးရာခိုင်နှုန်း ၈၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၃ %

(ဃဃ) ဆေးရာခိုင်နှုန်း ၇၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၂ %

( ငင ) ဆေးရာခိုင်နှုန်း ၆၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၁ %

( စစ ) ဆေးရာခိုင်နှုန်း ၅၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၀ %

(ဆဆ) ဆေးရာခိုင်နှုန်း ၄၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၉ %

( ဇဇ ) ဆေးရာခိုင်နှုန်း ၃၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၈ %

( ဈဈ ) ဆေးရာခိုင်နှုန်း ၂၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၇ %

(၄) **အထူးမသန်စွမ်းမှုအတွက် အထူးပင်စင် (ရဲတပ်သားမှ ရဲအုပ်အဆင့်ထိ)**

(ကက) ဆေးရာခိုင်နှုန်း ၁၀၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၂၀ %

( ခခ ) ဆေးရာခိုင်နှုန်း ၉၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၉ %

( ဂဂ ) ဆေးရာခိုင်နှုန်း ၈၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၈ %

(ဃဃ) ဆေးရာခိုင်နှုန်း ၇၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၇ %

( ငင ) ဆေးရာခိုင်နှုန်း ၆၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၆ %

( စစ ) ဆေးရာခိုင်နှုန်း ၅၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၅ %

(ဆဆ) ဆေးရာခိုင်နှုန်း ၄၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၄ %

( ဇဇ ) ဆေးရာခိုင်နှုန်း ၃၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၃ %

( ဈဈ ) ဆေးရာခိုင်နှုန်း ၂၀ % တစ်လလျှင် လက်ရှိအဆင့်အခြေခံလစာ၏ ၁၂ %

မှတ်ချက်။ ဆေးရာခိုင်နှုန်း ၂၀ % အောက်လျော့ပြီး သတ်မှတ်သည့် မသန်စွမ်းမှုအတွက် အထူးပင်စင်ခံစားခွင့်မရှိ။

၂၈။ မသန်စွမ်းမှုအတွက် အထူးပင်စင်တွက်ချက်သည့်အခါ ရဲတပ်ဖွဲ့ဝင်တစ်ဦးအတွက် အကျိုးအများဆုံး ရှိစေမည့်နေ့ရက်တွင် ရရှိထားသောအဆင့်လစာနှင့် စရိတ်အတိုင်း တွက်ချက်ရမည်။

၂၉။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ပင်စင်ခံစားခွင့်ရှိလျှင် လုပ်သက်ဆုငွေကိုလည်း ခံစားခွင့်ရှိသည်။

၃၀။ မသန်စွမ်းမှုအတွက် ဆေးရာခိုင်နှုန်းသတ်မှတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## ပျောက်ဆုံး သို့မဟုတ် ဖမ်းဆီးခံရခြင်းအတွက် ခံစားခွင့်

၃၁။ တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံး သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုများအတွက် လစာနှင့် စရိတ်၊ ပင်စင်နှင့် လုပ်သက်ဆုငွေခံစားခွင့်ကို ပျောက်ဆုံး သို့မဟုတ် ရန်သူဖမ်းဆီးခံရသောရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် အကျိုးခံစားခွင့်ဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဦးစွာဆောင်ရွက်ရမည်။

၃၂။ ပျောက်ဆုံး သို့မဟုတ် ရန်သူဖမ်းဆီးခံရသည့်တပ်ဖွဲ့ဝင်သေဆုံးကြောင်း အတည်ပြုပါက ယင်း၏ မိသားစုအတွက် အကျိုးခံစားခွင့်ကို ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

**အထွေထွေ**

၃၃။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ကျေနပ်လောက်အောင် အမှုထမ်းရွက်ခဲ့မှသာလျှင် ဤညွှန်ကြားချက်က ခွင့်ပြုသည့်အငြိမ်းစားလစာ သို့မဟုတ် ဆုငွေတစ်ခုခုကို ရှုန်းပြည့်ရပိုင်ခွင့်ရှိပြီး ကျေနပ်လောက်အောင် အမှုထမ်းရွက်ခြင်းမပြုခဲ့လျှင် ရဲချုပ်က သင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း လုပ်သက်ဆုငွေကို လျှော့ပေးနိုင်သည်။

၃၄။ ရဲတပ်ဖွဲ့မှထုတ်ပစ်ခံရခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်းကြောင့်ဖြစ်စေ၊ ကြွေးမြီမဆပ်နိုင်ခြင်းကြောင့်ဖြစ်စေ၊ အရည်အချင်းညံ့ဖျင်းခြင်းကြောင့်ဖြစ်စေ၊ ဂုဏ်သိက္ခာထိခိုက်စေသည့် အခြားပြုလုပ်မှုများကြောင့်ဖြစ်စေ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်းခံရသူတစ်ဦးသည် ဤညွှန်ကြားချက်အရ ခွင့်ပြုသည့် အငြိမ်းစားလစာ သို့မဟုတ် ဆုငွေကိုရနိုင်ခွင့်မရှိ။ သို့ရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိသဘောအတိုင်း သာမန်အားဖြင့် ရသင့်ရထိုက်သည့်အငြိမ်းစားလစာနှင့် ဆုငွေ၏ ၃ ပုံ ၂ ပုံထက်မပိုသည့် ကရုဏာကြေးကို အာဏာပိုင်က အတည်ပြုလက်မှတ်ရေးထိုးသည့်ရက်မှစ၍ ထိုသူကို ပေးနိုင်သည်။ အဆိုပါ ကရုဏာကြေးကို မိမိရပိုင်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အနေဖြင့် လျှောက်ထားတောင်းဆိုနိုင်ခွင့်မရှိ။

## ညွှန်ကြားချက်အမှတ် (၂/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

## တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် အကျိုးခံစားခွင့်ဆိုင်ရာ ညွှန်ကြားချက်

ပြည်ထဲရေးဝန်ကြီးဌာနသည် တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် အကျိုးခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်သည် တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်သာ သက်ဆိုင်စေရမည်။

၂။ အနီးကပ်ကြပ်မတ်ကွပ်ကဲနေသည့် တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည်-

(က) ရဲတပ်ဖွဲ့ဝင် ပျောက်ဆုံးနေကြောင်း သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရကြောင်း သိလျှင်သိချင်း ကြေးနန်းဖြင့် သက်ဆိုင်ရာကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးထံ သတင်းပို့တင်ပြ၍ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးနှင့် ရဲရေးဌာနကြီးသို့ ဆောလျင်စွာတင်ပြပြီး ရဲအရာရှိဖြစ်လျှင် ရဲရာထူးခန့်ဌာနကြီးသို့လည်း တင်ပြရမည်။

(ခ) ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသောနေ့မှစ၍ လစာနှင့်စရိတ်ထုတ်ပေးခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီးမှ အမိန့်မထုတ်ပြန်မချင်း ရပ်ဆိုင်းထားရမည်။

၃။ (က) သက်ဆိုင်ရာ တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဖွဲ့စည်းပြီး အောက်ပါအချက်အလက်များနှင့်စပ်လျဉ်း၍ စုံစမ်းစေရမည်-

(၁) ရဲတပ်ဖွဲ့ဝင်အား ထိုအချိန်၌ မည်သည့်တာဝန်မျိုးကို ထမ်းဆောင်စေခြင်း၊

(၂) မည်သည့်အခြေအနေမျိုးတွင် ရဲတပ်ဖွဲ့ဝင်သည် ပျောက်ဆုံးနေကြောင်း သို့မဟုတ် ရန်သူဖမ်းဆီးခံနေရကြောင်း သိရှိရခြင်း၊

(၃) ပျောက်ဆုံးနေသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရသော ရဲတပ်ဖွဲ့ဝင်သည် အသက်ရှင် လျက်ရှိပြီး နိုင်ငံတော်အစိုးရအပေါ်တွင် ကျေးဇူးသစ္စာစောင့်သိမှုရှိ မရှိ။

(ခ) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် စစ်ဆေးခံရမည့်သူများကို ကတိသစ္စာပြု၍ ထွက်ဆိုစေ ရမည်။

၄။ (က) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ရဲတပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေသောကိစ္စရပ်တွင် ရဲတပ်ဖွဲ့ဝင်သည် ရန်သူ၏လက်တွင်းတွင် ကျရောက်နေခြင်း သို့မဟုတ် ကျဆုံးသွားခြင်း သို့မဟုတ် သစ္စာဖောက်၍ ရန်သူဘက်ကူးပြောင်းသွားခြင်းဖြစ်ကြောင်းနှင့်စပ်လျဉ်း၍

မိမိ၏ထင်မြင်ယူဆချက်ကို စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် ထည့်သွင်းဖော်ပြပြီး သက်ဆိုင်ရာ တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသို့ တင်ပြရမည်။

( ခ ) သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် အပိုဒ်ခွဲ (က) အရ တင်ပြသည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထည့်သွင်းဖော်ပြပြီး သက်ဆိုင်ရာကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးထံသို့ တင်ပြရမည်။

၅။ (က) သက်ဆိုင်ရာ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးသည် အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ) အရ တင်ပြသည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထည့်သွင်းဖော်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသို့ စုံစမ်းစစ်ဆေးရေး ခုံရုံးအမှုတွဲကို အမြန်ဆုံးတင်ပြရမည်။

( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသည် စုံစမ်းစစ်ဆေးရေး ခုံရုံးအမှုတွဲကို လက်ခံရရှိသည့်အခါ ခုနစ်ရက်အတွင်း စိစစ်ပြီး ရဲရေးချုပ်မှ တစ်ဆင့် ရဲချုပ်ထံ တင်ပြရမည်။

၆။ (က) ရဲချုပ်ဦးဆောင်သည့် စိစစ်ရေးဘုတ်အဖွဲ့သည် အပိုဒ် ၅၊ အပိုဒ်ခွဲ (ခ) အရ တင်ပြသည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကို အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိလျှင် ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်၏ လစာနှင့်စရိတ်ကို ထုတ်ပေးရန်အတည်ပြုပါက ယင်းအတည်ပြုချက်ကို ရဲရေးချုပ်က အမိန့်ထုတ်ပြန်ပေး ရမည်-

(၁) ပျောက်ဆုံးနေသည် သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရသည်ဟု သတင်းရရှိသော ရဲတပ်ဖွဲ့ဝင်သည် နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးသစ္စာစောင့်သိမှုနှင့်စပ်လျဉ်း၍ သံသယ ဖြစ်စရာ အကြောင်းမရှိခြင်း၊

(၂) ပျောက်ဆုံး သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသည်မှာ ၎င်း၏အပြစ်ကြောင့် မဟုတ်ခြင်း။

( ခ ) ရဲရေးချုပ်သည်-

(၁) သက်ဆိုင်ရာသို့ လစာနှင့်စရိတ် ထုတ်ပေးရန် ပေးပို့မည့်အမိန့်တွင် မည်သည့်နေ့မှစ၍ မည်သည့်နေ့အထိ ထုတ်ပေးရမည်ကို ရှင်းလင်းစွာဖော်ပြရမည်။

(၂) တည်ဆဲအမိန့်နှင့် ညွှန်ကြားချက်များတွင် မည်သို့ပင်ထုတ်ပြန်ထားစေကာမူ ရဲတပ်ဖွဲ့ဝင် မပျောက်ဆုံးမီ သို့မဟုတ် ရန်သူဖမ်းဆီးခြင်းမခံရမီတစ်ရက် နောက်ဆုံးထုတ်ယူခဲ့သော လစာနှင့်စရိတ် (ရိက္ခာမပါ) ၏ ၁၀၀ ရာခိုင်နှုန်းထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဌာနကြီးနှင့် တပ်ဖွဲ့သို့ အကြောင်းကြားရမည်။

(၃) ပျောက်ဆုံးသည့်နေ့မှစတင်၍ ပထမသုံးလအထိ လစာနှင့်စရိတ်ထုတ်ပေးရန် သက်ဆိုင်ရာဌာနကြီးနှင့် တပ်ဖွဲ့သို့ အကြောင်းကြားရမည်။

(၄) ရန်သူဖမ်းဆီးခံရသည့်နေ့မှစတင်၍ ပထမခြောက်လအထိ လစာနှင့်စရိတ်ထုတ်ပေးရန် သက်ဆိုင်ရာဌာနကြီးနှင့် တပ်ဖွဲ့သို့ အကြောင်းကြားရမည်။

၇။ အပိုဒ် ၆၊ အပိုဒ်ခွဲ (က) အရ ထုတ်ပြန်သည့်အမိန့်ကို အောက်ပါဌာနကြီးနှင့် တပ်ဖွဲ့သို့ မိတ္တူပေးပို့ရမည်-

(က) ရဲထောက်ပံ့ရေးဌာနကြီး၊

( ခ ) ရဲအရာရှိဖြစ်လျှင် ရဲရာထူးခန့်ဌာနကြီး၊

( ဂ ) သက်ဆိုင်ရာ တပ်ဖွဲ့မှူးရုံးများ၊

(ဃ) သက်ဆိုင်ရာ တပ်ဖွဲ့ခွဲမှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးရုံး။

၈။ အပိုဒ် ၇ အရ အမိန့်စာကို လက်ခံရရှိသည့် ဌာနကြီးနှင့် တပ်ဖွဲ့သည် အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂)၊ (၃) နှင့် (၄) တို့ပါ အကြောင်းကြားချက်အရ အမိန့်စာပါ လစာနှင့်စရိတ်များကို ထုတ်ပေးရမည်။

၉။ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍-

(က) ပျောက်ဆုံးသည့်နေ့မှစ၍ ပထမသုံးလမကုန်ဆုံးမီ နောက်ထပ်သုံးလအတွက် လစာနှင့်စရိတ် ထုတ်ပေးနိုင်ရန် အပိုဒ် ၃၊ ၄ နှင့် ၅ တို့တွင် ဖော်ပြထားသည့်အတိုင်းဆောင်ရွက်ပြီး ပျောက်ဆုံးနေသော ရဲတပ်ဖွဲ့ဝင်သည် နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးသစ္စာစောင့်သိမှုနှင့်စပ်လျဉ်း၍ သံသယဖြစ်စရာအကြောင်းရှိ မရှိကို စိစစ်နိုင်ရန် ရဲချုပ်ဦးဆောင်သည့် စိစစ်ရေးဘုတ်အဖွဲ့သို့ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် မိမိ၏ထင်မြင်ယူဆချက်ကို အထောက်အထားဖြစ်စေရေးအတွက် နေ့စဉ်အခြေအနေ သတင်းအစီရင်ခံစာနှင့် ထောက်လှမ်းရေးအစီရင်ခံစာများရှိပါက ပူးတွဲတင်ပြပေးရမည်။

(ခ) ရဲချုပ်ဦးဆောင်သည့် စိစစ်ရေးဘုတ်အဖွဲ့သည် နောက်ထပ်သုံးလစာနှင့် စရိတ်ပေးရန် အတည်ပြုပါက ရဲရေးဌာနကြီးသည် လစာနှင့်စရိတ်ပေးရန် အမိန့်ထုတ်ပြန်ပေးပြီး အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) နှင့်အညီ ဆောင်ရွက်ရမည်။ ယင်းအမိန့်မိတ္တူကို အပိုဒ် ၇ ပါ ဌာနကြီးနှင့်တပ်ဖွဲ့သို့ ပေးပို့ရမည်။

(ဂ) အပိုဒ်ခွဲ (ခ) အရ ပေးပို့သည့်အမိန့်စာကို လက်ခံရရှိသည့် ဌာနကြီးနှင့်တပ်ဖွဲ့သည် အမိန့်စာပါ လစာနှင့်စရိတ်များကို ထုတ်ပေးရမည်။

၁၀။ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရန်သူဖမ်းဆီးခံရသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍-

(က) ရန်သူဖမ်းဆီးခြင်းခံရသည့်နေ့မှစ၍ ပထမခြောက်လမကုန်ဆုံးမီ နောက်ထပ်ခြောက်လအတွက် လစာနှင့်စရိတ် ထုတ်ပေးနိုင်ရန် အပိုဒ် ၃၊ ၄ နှင့် ၅ တို့တွင် ဖော်ပြထားသည့်အတိုင်းဆောင်ရွက်ပြီး ရန်သူဖမ်းဆီးခြင်းခံနေရသည့် ရဲတပ်ဖွဲ့ဝင်သည် အသက်ရှင်လျက်ရှိပြီး ၎င်းသည် နိုင်ငံတော်အစိုးရအပေါ်တွင် ကျေးဇူးသစ္စာစောင့်သိမှုနှင့်စပ်လျဉ်း၍ သံသယဖြစ်စရာအကြောင်း ရှိ မရှိ ကို စိစစ်နိုင်ရန် ရဲချုပ်ဦးဆောင်သည့် စိစစ်ရေးဘုတ်အဖွဲ့သို့ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် မိမိ၏ထင်မြင်ယူဆချက်ကို အထောက်အထားဖြစ်စေရေးအတွက် နေ့စဉ်အခြေအနေ သတင်းအစီရင်ခံစာနှင့် ထောက်လှမ်းရေးအစီရင်ခံစာများရှိပါက ပူးတွဲတင်ပြပေးရမည်။

(ခ) ရဲချုပ်ဦးဆောင်သည့် စိစစ်ရေးဘုတ်အဖွဲ့က နောက်ထပ်ခြောက်လစာနှင့် စရိတ်ပေးရန် အတည်ပြုပါက ရဲရေးဌာနကြီးသည် လစာနှင့်စရိတ်ပေးရန် အမိန့်ထုတ်ပြန်ပေးပြီး အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) နှင့်အညီ ဆောင်ရွက်ရမည်။ ယင်းအမိန့်မိတ္တူကို အပိုဒ် ၇ ပါ ဌာနကြီးနှင့်တပ်ဖွဲ့သို့ ပေးပို့ရမည်။

(ဂ) အပိုဒ်ခွဲ (ခ) အရ ပေးပို့သည့်အမိန့်စာကို လက်ခံရရှိသည့် ဌာနကြီးနှင့်တပ်ဖွဲ့သည် အမိန့်စာပါ လစာနှင့်စရိတ်များကို ထုတ်ပေးရမည်။

**ရဲအရာရှိ၏ လစာနှင့်စရိတ်**

၁၁။ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များတွင် ဖော်ပြထားသော အငြိမ်းစားလစာရထိုက်သူ ဦးစားပေးစာရင်းအတိုင်း ဦးစားပေးအမြင့်ဆုံးရှိသူအား ရဲအရာရှိ၏ လစာနှင့်စရိတ်ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်၍ ထုတ်ပေးရမည်-

(က) ငွေမထုတ်ပေးမီ ရဲရေးဌာနကြီးသည် ရဲရာထူးခန့်ဌာနကြီးနှင့် ညှိနှိုင်းပြီး အငြိမ်းစားလစာရထိုက်သူ အမှန်သိရှိအောင် စစ်ဆေးရမည်။ ယင်းသို့ စစ်ဆေးချက်များကို ရဲထောက်ပံ့ရေးဌာနကြီးသို့ မိတ္တူ ပေးပို့ရမည်။

(ခ) အငြိမ်းစားလစာရထိုက်သူ အမှန်သိရှိသည့်အခါ ရဲရေးဌာနကြီးသည် ရဲထောက်ပံ့ရေးဌာနကြီးနှင့် သက်ဆိုင်ရာတပ်ဖွဲ့သို့ အငြိမ်းစားလစာရထိုက်သူအား လစာနှင့်စရိတ်ထုတ်ပေးရန် အကြောင်းကြားပြီး ရဲရာထူးခန့်ဌာနကြီးသို့ မိတ္တူပေးပို့ရမည်။

(ဂ) ရဲထောက်ပံ့ရေးဌာနကြီးနှင့် သက်ဆိုင်ရာတပ်ဖွဲ့တို့သည် အပိုဒ်ခွဲ (ခ) အရ အကြောင်းကြားစာရရှိသည့်အခါ အငြိမ်းစားလစာရထိုက်သူအား လစာနှင့်စရိတ် ထုတ်ပေးရမည်။

(ဃ) သက်ဆိုင်ရာတပ်ဖွဲ့သည် ရဲအရာရှိအမည်ကို လစာစာရင်းစာအုပ်နှင့် လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တို့တွင် ထည့်သွင်းရမည်။ လစာစာရင်းစာအုပ်၏ မှတ်ချက်ဇယားတွင် ပျောက်ဆုံးသည့်နေ့ သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသည့်နေ့နှင့် ရဲရေးဌာနကြီး၏ လစာနှင့်စရိတ်ထုတ်ပေးခွင့်ပြုကြောင်း အမိန့်ချမှတ်သည့် စာအမှတ်နှင့်နေ့စွဲကို ဖော်ပြပြီး ရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူအား ငွေထုတ်ပေးရန် တောင်းခံခြင်းဖြစ်ကြောင်း ဖော်ပြထားရမည်။ ၎င်းမှတ်ချက်ဇယားပါ အချက်များကို လစာနှင့်စရိတ်တောင်းခံခြင်းပြုသည့်လတိုင်း ဖော်ပြရမည်။

(င) လစာထုတ်ပေးသည့်နေ့တွင် တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည်-

(၁) သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူကို လစာငွေတောင်းခံလွှာတွင် ငွေလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး ငွေထုတ်ပေးရမည်။

(၂) လစာနှင့်စရိတ် ထုတ်ပေးပြီးသည်မှာ မှန်ကန်ကြောင်းကို လစာငွေတောင်းခံလွှာတွင် ထပ်ဆင့် လက်မှတ်ရေးထိုးရမည်။

(၃) လစာနှင့်စရိတ် ထုတ်ပေးပြီးကြောင်းကို လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် ရေးသွင်းရမည်။

(၄) အငြိမ်းစားလစာရထိုက်သူထံသို့ ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သည့် နည်းလမ်းဖြင့် ငွေပေးပို့ခဲ့လျှင် ငွေပို့ပြေစာအမှတ်၊ နေ့ရက်နှင့် ငွေပမာဏစသည့်အချက်များကို ပြည့်စုံစွာ ဖော်ပြထားရမည်။

( စ ) သက်ဆိုင်ရာတပ်ဖွဲ့သည် အငြိမ်းစားလစာရထိုက်သူကို တိုက်ရိုက်ထုတ်ပေးလျှင်ဖြစ်စေ၊ ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သောနည်းလမ်းဖြင့် ငွေပေးပို့လျှင်ဖြစ်စေ လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် ရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူသို့ ငွေထုတ်ပေးပြီးကြောင်းနှင့် အငြိမ်းစားလစာရထိုက်သူ၏ အမည်၊ ဆွေမျိုးတော်စပ်ပုံတို့ကို ရေးသားမှတ်တမ်းတင် ဖော်ပြထား ရမည်။

(ဆ) ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သည့် နည်းလမ်းဖြင့် ငွေပေးပို့လျှင် ကုန်ကျမှုစရိတ်ကို အငြိမ်းစားလစာရထိုက်သူက ကျခံရမည်။

## အခြားအဆင့်ရဲတပ်ဖွဲ့ဝင်၏ လစာနှင့်စရိတ်

၁၂။ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်၏ လစာနှင့်စရိတ်ကို တည်ဆဲအမိန့်၊ ညွှန်ကြားချက်များတွင် ဖော်ပြ ထားသော အငြိမ်းစားလစာရထိုက်သူ ဦးစားပေးစာရင်းအတိုင်း အမြင့်ဆုံးရရှိသူအား အောက်ဖော်ပြပါ အတိုင်းဆောင်ရွက်၍ ထုတ်ပေးရမည်-

(က) ငွေမထုတ်ပေးမီ တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် ရဲရေးဌာနကြီး၊ မှတ်တမ်းဌာနခွဲနှင့်ညှိနှိုင်းပြီး အငြိမ်းစားလစာရထိုက်သူ အမှန်သိရှိအောင် စစ်ဆေးရမည်။ ယင်းသို့ စစ်ဆေးချက်များကို ရဲထောက်ပံ့ရေးဌာနကြီးသို့ မိတ္တူပေးပို့ရမည်။

( ခ ) အငြိမ်းစားလစာရထိုက်သူ အမှန်သိရှိသည့်အခါ ရဲရေးဌာနကြီးသည် ရဲထောက်ပံ့ရေးဌာနကြီးနှင့် သက်ဆိုင်ရာတပ်ဖွဲ့သို့ အငြိမ်းစားလစာရထိုက်သူအား လစာနှင့်စရိတ်ထုတ်ပေးရန် အကြောင်းကြား ရမည်။

( ဂ ) ရဲထောက်ပံ့ရေးဌာနကြီးနှင့် သက်ဆိုင်ရာတပ်ဖွဲ့တို့သည် အပိုဒ် (ခ) အရ အကြောင်းကြားစာရရှိသည့်အခါ အငြိမ်းစားလစာရထိုက်သူကို လစာနှင့်စရိတ် ထုတ်ပေးရမည်။

(ဃ) သက်ဆိုင်ရာတပ်ဖွဲ့သည် ရဲတပ်ဖွဲ့ဝင်အမည်ကို လစာစာရင်းစာအုပ်နှင့် လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တို့တွင် ထည့်သွင်းရမည်။ လစာစာရင်းစာအုပ်၏ မှတ်ချက်ဇယားတွင် ပျောက်ဆုံးသည့်နေ့ သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသည့်နေ့နှင့် ရဲရေးဌာနကြီး၏ လစာနှင့်စရိတ်ထုတ်ပေးခွင့်ပြုကြောင်း အမိန့်ချမှတ်သည့် စာအမှတ်နှင့်နေ့စွဲကို ဖော်ပြပြီး ရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူအား ငွေထုတ်ပေးရန် တောင်းခံခြင်းဖြစ်ကြောင်း ဖော်ပြထားရမည်။ ၎င်းမှတ်ချက်ဇယားပါအချက်များကို လစာနှင့်စရိတ်တောင်းခံခြင်းပြုသည့်လတိုင်း ဖော်ပြရမည်။

( င ) လစာထုတ်ပေးသည့်နေ့တွင် တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည်-

(၁) သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူကို လစာငွေတောင်းခံလွှာတွင် ငွေလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး ငွေထုတ်ပေးရမည်။

(၂) လစာနှင့်စရိတ် ထုတ်ပေးပြီးသည်မှာ မှန်ကန်ကြောင်းကို လစာငွေတောင်းခံလွှာတွင် ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

(၃) လစာနှင့်စရိတ် ထုတ်ပေးပြီးကြောင်းကို လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် ရေးသွင်းရမည်။

(၄) အငြိမ်းစားလစာရထိုက်သူထံသို့ ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သည့်နည်းလမ်းဖြင့် ငွေပေးပို့ခဲ့လျှင် ငွေပို့ပြေစာအမှတ်၊ နေ့ရက်နှင့် ငွေပမာဏ စသည့်အချက်များကို ပြည့်စုံစွာ ဖော်ပြထားရမည်။

( စ ) သက်ဆိုင်ရာတပ်ဖွဲ့သည် အငြိမ်းစားလစာရထိုက်သူကို တိုက်ရိုက်ထုတ်ပေးလျှင်ဖြစ်စေ၊ ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သော နည်းလမ်းဖြင့် ငွေပေးပို့လျှင်ဖြစ်စေ လစာနှင့်စရိတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် ရဲတပ်ဖွဲ့ဝင်၏အငြိမ်းစားလစာရထိုက်သူသို့ ငွေထုတ်ပေးပြီးကြောင်းနှင့် အငြိမ်းစားလစာရထိုက်သူ၏အမည်၊ ဆွေမျိုးတော်စပ်ပုံတို့ကို ရေးသားမှတ်တမ်းတင်ဖော်ပြထားရမည်။

(ဆ) ဘဏ်ဖြင့် သို့မဟုတ် အခြားသင့်လျော်သည့်နည်းလမ်းဖြင့် ငွေပေးပို့လျှင် ကုန်ကျမှုစရိတ်ကို အငြိမ်းစားလစာရထိုက်သူက ကျခံရမည်။

## ပျောက်ဆုံးနေသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရသော ရဲတပ်ဖွဲ့ဝင်ပြန်လည်ရောက်ရှိခြင်း

၁၃။ ပျောက်ဆုံးနေသောရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ခြောက်လမတိုင်မီ ပြန်လည်ရောက်ရှိလာသည့်အခါ သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရသော ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် တစ်နှစ်မတိုင်မီပြန်လည်ရောက်ရှိလာသည့်အခါ-

(က) ၎င်းရဲတပ်ဖွဲ့ဝင်သည် နိုင်ငံတော်အစိုးရအပေါ်တွင် ကျေးဇူးသစ္စာစောင့်သိမှု ရှိ မရှိနှင့် ပျောက်ဆုံးခြင်း သို့မဟုတ် ရန်သူဖမ်းဆီးခံရခြင်းမှာ ၎င်း၏အပြစ်ကြောင့် ဟုတ် မဟုတ်တို့နှင့်စပ်လျဉ်း၍ အပိုဒ် ၃၊ ၄ နှင့် အပိုဒ် ၅၊ အပိုဒ်ခွဲ (က) တို့တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသည် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကိုစိစစ်၍ ရဲတပ်ဖွဲ့ဝင်အား ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုရန် သင့် မသင့်၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူရန် သင့် မသင့်နှင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထောင်ဒဏ်ချမှတ်ပြီး ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည်အထိ အရေးယူရန် သင့် မသင့်တို့ကိုစိစစ်ပြီး ရဲရေးချုပ်မှတစ်ဆင့် ရဲချုပ်ထံ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းအတည်ပြုချက်ကို ရဲရေးချုပ်က အမိန့်ထုတ်ပြန်ပေးရမည်။

၁၄။ ပျောက်ဆုံးနေသောရဲတပ်ဖွဲ့ဝင်သည် ခြောက်လကုန်ဆုံးပြီး နောက်တစ်နေ့တွင် ပျောက်ဆုံးနေဆဲဖြစ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဖွဲ့စည်းပြီး ပျောက်ဆုံးသောရဲတပ်ဖွဲ့ဝင်နှင့်ပတ်သက်၍ အောက်ပါတို့ကို စုံစမ်းစေရမည်-

(၁) သေဆုံးပြီဟုယူဆရန် သင့် မသင့်၊

(၂) နိုင်ငံတော်အစိုးရအပေါ်တွင် ကျေးဇူးသစ္စာစောင့်သိမှု ရှိ မရှိ၊

(၃) ပျောက်ဆုံးခြင်းမှာ ၎င်း၏အပြစ်ကြောင့် ဟုတ် မဟုတ်၊

(၄) သေဆုံးခြင်းမှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့်အကျုံးဝင်မှု ရှိ မရှိ။

( ခ ) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ရေးသားပြီး သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးထံ တင်ပြရမည်။

( ဂ ) သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် အပိုဒ်ခွဲ (ခ) အရ တင်ပြသည့်စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိထင်မြင်ယူဆချက်ကို ထပ်မံရေးသားပြီး သက်ဆိုင်ရာ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးထံ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးသည် အပိုဒ်ခွဲ (ဂ) အရ တင်ပြသည့်စုံစမ်းစစ်ဆေးရေး ခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထပ်မံရေးသားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသို့ တင်ပြရမည်။

( င ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသည် စုံစမ်းစစ်ဆေးရေးခုံရုံး အမှုတွဲကိုစိစစ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့၏ သေဆုံးပြီဟုယူဆကြောင်းနှင့် သေဆုံးခြင်းသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ အတည်ပြုချက်ရယူနိုင်ရန် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကို ရဲရေးချုပ်မှတစ်ဆင့် ရဲချုပ်ထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ ရဲချုပ်၏ခွင့်ပြုချက်ရရှိပါက ရဲတပ်ဖွဲ့ဝင်သေဆုံးပြီဟုယူဆကြောင်း ကြေညာခြင်းနှင့်စပ်လျဉ်း၍ သဘောတူကြောင်းစုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် ရေးသားပြီး ယင်းအမှုတွဲတစ်စောင်ကို သက်ဆိုင်ရာကွပ်ကဲရေးမှူးရုံး သို့မဟုတ် တပ်ဖွဲ့မှူးရုံးသို့ ပြန်လည် ပေးပို့ရမည်။

(၃) သေဆုံးခြင်း၊ သေဆုံးခြင်းသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်း နှင့် အကျုံးဝင်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ အတည်ပြုချက်ရရှိလျှင် သက်ဆိုင်ရာအငြိမ်းစားလစာ

ရထိုက်သူအနေဖြင့် ခံစားခွင့်ရှိသောကိစ္စများရှိပါက ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတစ်စောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ပင်စင်ဌာနခွဲသို့ ပေးပို့ရမည်။

(စ) သက်ဆိုင်ရာတပ်ဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲက ပေးပို့လိုက်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကို လက်ခံရရှိသည့်အခါ လိုအပ်သောဖြစ်စဉ် ပြန်တမ်းထုတ်ပြန်၍ ယင်းအမှုတွဲကို ရဲရေးဌာနကြီး၊ မှတ်တမ်းဌာနခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရဲအရာရှိဖြစ်ပါက ရဲရာထူးခန့်ဌာနကြီး၊ မှတ်တမ်းဌာနခွဲသို့ ပေးပို့ရမည်။

၁၅။ ရန်သူဖမ်းဆီးခြင်းခံရသောရဲတပ်ဖွဲ့ဝင်ကို လိုက်လံစုံစမ်းသော်လည်း တစ်နှစ်ပြည့်ပြီးနောက်တစ်နေ့တွင် ရဲတပ်ဖွဲ့ဝင်သည် အသက်ရှင်လျက်ရှိကြောင်း ခိုင်လုံတိကျစွာမသိရှိသည့်အခါ အပိုဒ် ၁၄ တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်သေဆုံးကြောင်း ခိုင်လုံစွာသိရှိခြင်း

၁၆။ ပျောက်ဆုံးနေသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံနေရသော ရဲတပ်ဖွဲ့ဝင်နှင့်ပတ်သက်၍-

(က) သေဆုံးကြောင်းခိုင်လုံစွာမသိရှိပါက သေဆုံးပြီဟုယူဆကြောင်းကို ပျောက်ဆုံးသည့်နေ့မှစ၍ ခြောက်လအတွင်းသော်လည်းကောင်း၊ ရန်သူဖမ်းဆီးခြင်းခံရသည့်နေ့မှစ၍ တစ်နှစ်အတွင်းသော်လည်းကောင်း သေဆုံးပြီဟုယူဆကြောင်း ကြေညာခြင်းမပြုရ။

(ခ) သတ်မှတ်ကာလအတွင်း သေဆုံးကြောင်းအမှန်သိရှိလျှင် မည်သည့်နေ့တွင်သေဆုံးကြောင်းကို သက်ဆိုင်ရာတပ်ဖွဲ့က အပိုဒ် ၂၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) ရဲထောက်ပံ့ရေးဌာနကြီးနှင့် သက်ဆိုင်ရာတပ်ဖွဲ့သည် သေဆုံးသည့်ရဲတပ်ဖွဲ့ဝင်၏ အငြိမ်းစားလစာရထိုက်သူအား လစာနှင့်စရိတ်ထုတ်ပေးခြင်းကို ချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဖွဲ့စည်းပြီး သေဆုံးသည့်ရဲတပ်ဖွဲ့ဝင်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးစေရမည်။

(င) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် စစ်ဆေးခံရမည့်သူများကို ကတိသစ္စာပြု၍ ထွက်ဆိုစေရမည်။

( စ ) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့က ရဲတပ်ဖွဲ့ဝင်သေဆုံးကြောင်းကြေညာပြီး ၎င်းသည် နိုင်ငံတော်အစိုးရအပေါ်တွင် ကျေးဇူးသစ္စာစောင့်သိမှု ရှိ မရှိ၊ ပျောက်ဆုံးခြင်းမှာ ၎င်း၏အပြစ်ကြောင့် ဟုတ် မဟုတ်နှင့် သေဆုံးခြင်းမှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်မှု ရှိ မရှိ ပေါ်လွင်အောင်စိစစ်၍ စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကိုရေးသားပြီး သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးထံ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒေသရဲကွပ်ကဲမှုအဖွဲ့မှူးသည် အပိုဒ်ခွဲ (စ) အရ တင်ပြသည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထပ်မံရေးသားပြီး သက်ဆိုင်ရာကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးထံ တင်ပြရမည်။

( ဇ ) သက်ဆိုင်ရာကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူးသည် အပိုဒ်ခွဲ (ဆ) အရ တင်ပြသည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထပ်မံရေးသားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသို့ ပေးပို့ရမည်။

( ဈ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲသည် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကိုစိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့၏ သေဆုံးကြောင်းအတည်ပြုချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကို ရဲရေးချုပ်မှတစ်ဆင့် ရဲချုပ်ထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) အပိုဒ်ခွဲငယ် (၁) အရ ရဲချုပ်၏ခွင့်ပြုချက်ရရှိပါက ရဲတပ်ဖွဲ့ဝင်သေဆုံးကြောင်း ကြေညာခြင်းနှင့်စပ်လျဉ်း၍ သဘောတူကြောင်းစုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် ရေးသားပြီး ယင်းအမှုတွဲတစ်စောင်ကို သက်ဆိုင်ရာကွပ်ကဲရေးမှူးရုံး သို့မဟုတ် တပ်ဖွဲ့မှူးရုံးသို့ ပြန်လည်ပေးပို့ရမည်။

(၃) သေဆုံးခြင်း၊ သေဆုံးခြင်းသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ အတည်ပြုချက်ရရှိလျှင် သက်ဆိုင်ရာအငြိမ်းစားလစာရထိုက်သူအနေဖြင့် ခံစားခွင့်ရှိသောကိစ္စများရှိပါက ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတစ်စောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ပင်စင်ဌာနခွဲသို့ ပေးပို့ရမည်။

(ည) သက်ဆိုင်ရာတပ်ဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေဌာနခွဲက ပေးပို့လိုက်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲကို လက်ခံရရှိသည့်အခါ လိုအပ်သောဖြစ်စဉ်ပြန်တမ်း ထုတ်ပြန်၍ ယင်းအမှုတွဲကို ရဲရေးဌာနကြီး၊ မှတ်တမ်းဌာနခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရဲအရာရှိဖြစ်ပါက ရဲရာထူးခန့်ဌာနကြီး၊ မှတ်တမ်းဌာနခွဲသို့ ပေးပို့ရမည်။

**လစာနှင့်စရိတ် ပြန်လည်ပေးသွင်းစေခြင်း**

၁၇။ အပိုဒ် ၁၆ ပါအခြေအနေမျိုး၌ ရဲရေးဌာနကြီးသည် အငြိမ်းစားလစာရထိုက်သူအား ထုတ်ပေးခဲ့သည့် လစာနှင့်စရိတ်ကို ၎င်း၏လစာစုစုပေါင်းနှင့်စာရင်းညှိ၍ ပို၍ထုတ်ပေးခဲ့လျှင် ပိုထုတ်ပေးခဲ့သည့်လစာနှင့် စရိတ်ကို အငြိမ်းစားလစာရထိုက်သူက ပြန်လည်ပေးသွင်းစေရန် သက်ဆိုင်ရာတပ်ဖွဲ့သို့ အမိန့်ထုတ်ပေးပြီး အပိုဒ် ၇ ပါ ဌာနကြီးနှင့် တပ်ဖွဲ့သို့ မိတ္တူပေးပို့ရမည်။

**ပျောက်ဆုံးရာမှ ရန်သူဖမ်းဆီးခံရခြင်း**

၁၈။ ပျောက်ဆုံးနေသောရဲတပ်ဖွဲ့ဝင်သည် ရန်သူဖမ်းဆီးခြင်းခံနေရသည်ဟု ခြောက်လမတိုင်မီ ခိုင်လုံစွာ သိလျှင်သိချင်း သို့မဟုတ် ခြောက်လပြည့်၍ သေဆုံးကြောင်းကြေညာပြီးမှ အသက်ရှင်လျက်ရှိပြီး ရန်သူဖမ်းဆီးခြင်းခံရသည်ဟု သတင်းရရှိသော ရဲတပ်ဖွဲ့ဝင်အတွက် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ပြီး လစာနှင့် စရိတ်ထုတ်ပေးရမည်။ သေဆုံးကြောင်းကြေညာပြီးမှ အသက်ရှင်လျက်ရှိပြီး ရန်သူဖမ်းဆီးခြင်းခံနေရသည့်ကိစ္စမျိုးတွင် သက်ဆိုင်ရာတပ်ဖွဲ့က လိုအပ်သောဖြစ်စဉ်ပြန်တမ်းထုတ်ပြန်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ မှတ်တမ်းဌာနခွဲသို့ ပေးပို့အကြောင်းကြားရမည့်အပြင် ၎င်းနှင့်ပတ်သက်၍ အငြိမ်းစားလစာ ထုတ်ပေးနေခြင်းများရှိပါက ယင်းလစာကို ရပ်ဆိုင်းနိုင်ရေးအတွက် ရဲရေးဌာနကြီးနှင့် ရဲထောက်ပံ့ရေးဌာနကြီးသို့ အကြောင်းကြားရမည်။ ယင်းသို့ အကြောင်းကြားရာတွင် ရဲအရာရှိဖြစ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရာထူးခန့်ဌာနကြီးသို့လည်း အကြောင်းကြားရမည်။

**ပင်စင် (အငြိမ်းစား) လစာနှင့် လုပ်သက်ဆုခံစားခွင့်ပြုခြင်း**

၁၉။ ပျောက်ဆုံးသော သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်နှင့်စပ်လျဉ်း၍ သေဆုံးကြောင်း အတည်ပြုလျှင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက ကျန်ရစ်သူ မိသားစုများသည် ပင်စင် (အငြိမ်းစား) လစာနှင့် လုပ်သက်ဆုခံစားခွင့်ဆိုင်ရာ ညွှန်ကြားချက်ပါအတိုင်း ကျဆုံးသော ရဲတပ်ဖွဲ့ဝင်နှင့် သေဆုံးသောရဲတပ်ဖွဲ့ဝင်နည်းတူ အထူးပင်စင်၊ လုပ်သက်ဆုငွေ၊ ကရုဏာကြေး၊ ကလေးစရိတ် (လစဉ်) နှင့် ပညာသင်စရိတ် (လစဉ်) တို့ကို ခံစားခွင့်ရှိသည်။

၂၀။ ပျောက်ဆုံး သို့မဟုတ် ရန်သူဖမ်းဆီးခြင်းခံရပြီး သေဆုံးကြောင်းအတည်ပြုထားသည့် ရဲတပ်ဖွဲ့ဝင်သည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အကျိုးမဝင်ပါက တာဝန်ထမ်းဆောင်ဆဲ သေဆုံးရဲတပ်ဖွဲ့ဝင်နည်းတူ မိသားစုပင်စင်နှင့် လုပ်သက်ဆုငွေကို ခံစားခွင့်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၈၁၆/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ ပထမအတွင်းဝန်များအား ဒုတိယညွှန်ကြားရေးမှူး/ သံမှူးများအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှ စတင်၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| ၁။ | ဒေါ်သက်သူသူထက် | အာဆီယံရေးရာဦးစီးဌာန |
| ၂။ | ဒေါ်ဖွေးအိသော်လွင် | အာဆီယံရေးရာဦးစီးဌာန |
| ၃။ | ဦးကောင်းဖြိုးဝင့် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့ |
| ၄။ | ဦးရန်နိုင်ခန့် | မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့ |
| ၅။ | ဒေါ်မျိုးစန္ဒာနိုင် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့ |

| စဉ် | အမည် | တာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| ၆။ | ဦးလွင်မိုး | ပြည်ထောင်စုဝန်ကြီးရုံး |
| ၇။ | ဒေါ်ထင်ရှားဦး | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့ |
| ၈။ | ဒေါ်မြတ်သော်တာအေး | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန |
| ၉။ | ဒေါ်ဆုနန္ဒာလှိုင် | မြန်မာသံရုံး၊ ဗီယင်နာမြို့ |
| ၁၀။ | ဒေါ်နှင်းမူလွင် | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၁၁။ | ဦးကောင်းမြတ် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နိုဗိုစီဗစ်မြို့ |
| ၁၂။ | ဦးသွေးသောက်ထက်ခေါင် | မြန်မာသံရုံး၊ ကိုင်ရိုမြို့ |
| ၁၃။ | ဒေါ်စုမြတ်သူ | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၁၄။ | ဒေါ်မေဇော်မောင်မောင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးများအတွက် လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ကိုလည်းကောင်း၊ ပြည်ပရှိသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း သံမှူးများအတွက် လစာနှုန်း (အမေရိကန်ဒေါ်လာ ၅၀၀) ကိုလည်းကောင်း ခံစားခွင့်ပြု လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၁၇/၂၀၂၄)

## ဌာနစုမှူး (၁) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါ ဌာနစုမှူး (၂) များအား ဌာနစုမှူး (၁)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူး တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| ၁။ | ဦးဝေယံထက်မင်း | နိုင်ငံရေးရာဦးစီးဌာန |
| ၂။ | ဒေါ်ပိုးသိင်္ဂီဦး | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |

| စဉ် | အမည် | တာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| ၃။ | ဒေါ်နှင်းပွင့်ဖြူကို | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၄။ | ဒေါ်ဇင်ဇင်ချစ်မြိုင် | ပြည်ထောင်စုဝန်ကြီးရုံး |
| ၅။ | ဒေါ်ဆုမွန်အောင် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၆။ | ဦးဘုန်းမြတ်မိုရ် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၇။ | ဦးအံ့မှူးပိုင် | ပြည်ထောင်စုဝန်ကြီးရုံး |
| ၈။ | ဒေါ်ရွှေယင်းမာ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၉။ | ဒေါ်ဆုမြတ်နိုးထွန်း | ပြည်ထောင်စုဝန်ကြီးရုံး |
| ၁၀။ | ဦးစောရဲမြတ်သူ | နိုင်ငံရေးရာဦးစီးဌာန |
| ၁၁။ | ဒေါ်စုစုဖူးပွင့်မွန် | နိုင်ငံရေးရာဦးစီးဌာန |
| ၁၂။ | ဦးဇန်ဇော်ဆက်လွင်ရွှေ | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၁၃။ | ဒေါ်သီရိသက်မွန် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၁၄။ | ဦးခန့်စိုးမောင် | သံတမန်ရေးရာဦးစီးဌာန |
| ၁၅။ | ဦးမျိုးကျော်ထွန်း | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၁၆။ | ဒေါ်တင်နန္ဒာထက် | နိုင်ငံရေးရာဦးစီးဌာန |
| ၁၇။ | ဒေါ်လင်းလက်မြဦး | နိုင်ငံရေးရာဦးစီးဌာန |
| ၁၈။ | ဒေါ်ဆုမြတ်မဒီဇေယျ | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၉။ | ဒေါ်နေခြည်ထွေး | သံတမန်ရေးရာဦးစီးဌာန |
| ၂၀။ | ဒေါ်ဆုလှဲ့ရည်ဝင်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |

| စဉ် | အမည် | တာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| ၂၁။ | ဦးညီဇော်တင်သိန်း | ပြည်ထောင်စုဝန်ကြီးရုံး |
| ၂၂။ | ဦးရဲဇော်မြင့် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၂၃။ | ဒေါ်အေးချမ်းမွန် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၂၄။ | ဦးအန်မ်လင်းရာလ် | သံတမန်ရေးရာဦးစီးဌာန |
| ၂၅။ | ဦးသော်လင်းဟန် | အာဆီယံရေးရာဦးစီးဌာန |
| ၂၆။ | ဒေါ်ထက်ထက်ကျော် | သံတမန်ရေးရာဦးစီးဌာန |
| ၂၇။ | ဒေါ်မြနန္ဒာကျော် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၂၈။ | ဦးသန်းထိုက်ဦး | အာဆီယံရေးရာဦးစီးဌာန |
| ၂၉။ | ဦးကျော်စိုးသူ | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၃၀။ | ဒေါ်ဆာရာမွန်းဆန်းပန် | အာဆီယံရေးရာဦးစီးဌာန |
| ၃၁။ | ဦးကောင်းထက်စိုး | အာဆီယံရေးရာဦးစီးဌာန |
| ၃၂။ | ဦးရဲလင်းသူ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၃၃။ | ဦးနေလင်းထွန်း | ပြည်ထောင်စုဝန်ကြီးရုံး |
| ၃၄။ | ဦးရဲမင်းဝင်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |

သန်းဆွေ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၄) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူးနှင့် လစာနှုန်း | တိုးမြှင့်သည့် ရာထူးနှင့် လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်အေးဇာငြိမ်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ယမင်းသူဇာအောင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

ဒေါက်တာ ကံဇော်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၁/၂၀၂၄)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၉-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၉/၁-၂၀/ဦး ၆ (၄၂၈၂) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/၂-၃ (၁၁၅၇)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၁၆-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၄၅၅၆/မပ (မြေတိုင်း)-၆ (၂၀၂၄) ဖြင့် စိစစ်တင်ပြချက်တို့အရ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရပ်ကွက် (၁၂) ရပ်ကွက်၊ အကွက် (၃၉) ကွက်ကို မြို့/မြေကွက်တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်** တို့အရ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ကျောက်ပန်းတောင်း မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၂၄)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး

(မြို့ပြ) ဦးစိုးဝင်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၉-၁၂-၂၀၂၄ ရက်နေ့မှ ၈-၄-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၉-၄-၂၀၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄-၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ နည်းပညာဖွံ့ဖြိုးရေးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ခိုင်ခိုင်ဟန် အား လစ်လပ်လျက်ရှိသော အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ ထုတ်လုပ်ရေးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအထွေထွေမန်နေဂျာရာထူးသို့ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ချာလီသန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

အမှတ် ၈၈။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ မြသန္တာ အား မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၇/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ ခင်သီတာငြိမ်း အား အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် အလုပ်တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁၈-၉-၂၀၂၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၂၄) အစီအစဉ် ၄ (ဃ-၁၅) ၌ သဘောတူဆုံးဖြတ်ချက်အရ တောင်ကုတ်

တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းထွန်းလွင် အား ၅-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၅-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်း သည် ၅-၃-၂၀၂၅ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါသဖြင့် သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၅-၁၁-၂၀၂၄ ရက်နေ့မှ ၄-၃-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးပြီး အသက် (၆၂) နှစ်ပြည့်မည့် ၅-၃-၂၀၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

အမှတ် ၁၀၅။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၄) ၏ သဘောတူညီချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ကျော်ဇင် (ဆမ-၁၅၂၉၄) အား ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၂၇၅ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (စီမံရေး) ဦးကျော်မျိုးထွဋ် အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၄) ၏

ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (လမ်းထိန်းသိမ်းရေး) ရာထူးနေရာသို့ တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၂၄)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၄၁ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်မြင့် အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၄) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (ကြီးကြပ်ရေး) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၂၄)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၇) မောင်တောမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၇၇ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးလှရွှေ အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၄) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ရခိုင်ပြည်နယ်တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၂၄)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၄) နေပြည်တော်မှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၀၃၃ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နွယ်နီဝင်း အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၄) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ အဆောက်အဦတည်ဆောက်ရေးအဖွဲ့ (၂) တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာ (၃၆/ ၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၄) ဆုံးဖြတ်ချက်အရ အခွန်ဌာနမှ ဦးသန်းဇော်ဝင်း ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား

ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသည့် ဗဟိုပစ္စည်းထိန်းဌာန၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၇/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၄) ဆုံးဖြတ်ချက်အရ ဌာနများမှ အောက်ပါလက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀- ၃၆၁,၀၀၀) (၂) ဦးတို့အား ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသည့် ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဒေါ်ခင်စန်းမြင့် | ဈေးများဌာန |
| (ခ) | ဦးအောင်ကိုလတ် | မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန |

သန်းထွန်းဦး

မြို့တော်ဝန်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ဦးစီးမှူး (၂၁) ဦးတို့အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| (က) | ဒေါ်သန်းသန်းစိုး | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ခ) | ဒေါ်သင်းသင်းနိုင် | ရုံးထိုင်စောင့်ကြည့်စိစစ်ခြင်းဌာန |
| (ဂ) | ဒေါ်တင်တင်ချို | ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာန |
| (ဃ) | ဒေါ်နှင်းယုယုလွင် | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်) |
| (င) | ဒေါ်မြတ်မြတ်သိန်းကြည် | ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဌာန |
| (စ) | ဒေါ်ချစ်ဆုရည် | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်) |
| (ဆ) | ဒေါ်စုမြတ်ဖြူ | ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဌာန |
| (ဇ) | ဦးဆန်းဝင်း | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) |

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| (ဈ) | ဒေါ်ညိုညိုဝင်း | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ည) | ဒေါ်ညွန့်ညွန့်သန်း | ပို့ကုန်ရငွေနှင့် လိုင်စင်များကြီးကြပ်စိစစ်ရေးဌာန |
| (ဋ) | ဒေါ်ကြည်ကြည်လွင် | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဌ) | ဒေါ်ဥမ္မာစိုး | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဍ) | ဒေါ်စန္ဒာ | ငွေရေးကြေးရေးဈေးကွက်ဌာန |
| (ဎ) | ဒေါ်သိန်းသိန်းဦး | ပို့ကုန်ရငွေနှင့် လိုင်စင်များကြီးကြပ်စိစစ်ရေးဌာန |
| (ဏ) | ဒေါ်ထွေးထွေးကြည် | ငွေကြေးမူဝါဒရေးရာ၊ သုတေသနနှင့် စာရင်းအင်းဌာန |
| (တ) | ဒေါ်ချိုပြုံး | ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာန |
| (ထ) | ဒေါ်ခင်မေအောင် | ဘဏ်တွင်းစာရင်းစစ်ဌာန |
| (ဒ) | ဒေါ်မေသက်ချို | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဓ) | ဒေါ်သန်းရီ | ငွေရေးကြေးရေးဈေးကွက်ဌာန |
| (န) | ဒေါ်သီသီဝေ | နိုင်ငံခြားငွေကြေးဈေးကွက်နှင့် ငွေလွှဲကြီးကြပ်ဌာန |
| (ပ) | ဒေါ်ချယ်ရီ | သတင်းနှင့် လုံခြုံရေးဌာန |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

အမှတ် ၂၁၄/၂၀၂၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ပြေသိန်း ကြည်း ၈၀၆၀၅

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

အမှတ် ၂၁၅/၂၀၂၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဝင်းမြင့်ဦး ကြည်း ၈၀၆၀၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

အမှတ် ၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော Proven Technology Industry Co.,Ltd (ကုန်တင်သွင်းသူ) ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ စည်းကမ်းလိုက်နာမှုအတွက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ် အသိအမှတ်ပြုလိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ စာအမှတ် စဘ/ဘဏ္ဍာ-၁/၃/၃(၈၀၄၈/၂၀၂၄)

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**Notice**

**MASS–LOG (MYANMAR) COMPANY LIMITED**

**(In members' Voluntary Liquidation)**

**Under the Insolvency Law**

**Final Meeting**

A final meeting of the above Company will be held on 16th December 2024 at No. 79/81, Room No. 803, Central Tower, Corner of Anawrahta Road and 39th Street, Kyauktada Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.

2. To give any explanation thereof.

U Ko Ko Zaw

Liquidator

MASS–LOG (Myanmar) Company Limited